သမဏာနဥ္စ ဒဿနံ ဧတံ မင်္ဂလမုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၉၁)၊ အမှတ် (၁၈၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် မြန်မာအာရှကုမ္ပဏီစက်ရုံကြည့်ရှု မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်သွားမည် ကမ္ဘာ့အကြီးဆုံးမှန်ဘီလူးစက်ရုံဖြစ်ရေး စီစဉ်ထားကြောင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မင်္ဂလာဒုံစက်မှုဇုန်ရှိ Myanmar Asia Optical International Co., Ltd.၏ စက်ရုံလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၃၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံစက်မှုဇုန်ရှိ Myanmar Asia Optical International Co., Ltd.၏ စက်ရုံသို့ ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ Asia Optical Company Inc. Group Chairman Mr. Robert Lai၊ Myanmar Asia Optical International Co., Ltd. Managing Director Mr. Eric Chen နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စီးပွားဖြစ်ထုတ်လုပ်မည်

ရှေးဦးစွာ ရှင်းလင်းခန်းမ၌ Asia Optical Company Inc. Group Chairman Mr.Robert Lai က ရှင်းလင်းတင်ပြရာတွင် Myanmar Asia Optical International Company Limited ၏ စက်ရုံတည်ဆောက်ရေး လုပ်ငန်းများမှာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ စီးပွားဖြစ်ထုတ်လုပ်မှုကို မကြာမီစတင်နိုင်တော့မည်ဖြစ်ကြောင်း။

ကုမ္ပဏီကြီးများနှင့်တွဲထုတ်လုပ်

မိမိတို့ Asia Optical လုပ်ငန်းစုသည် ကမ္ဘာ့ Lens လိုအပ်ချက်၏ ငါးဆယ်ရာခိုင်နှုန်းကျော် ထုတ်လုပ်ပေးနေသည့် လုပ်ငန်းအုပ်စုဖြစ်ပြီး Optical Apparatuses, Electronic Apparatuses, Other Apparatuses များကိုလည်း ထုတ်လုပ်ပါကြောင်း၊ အောင်မြင်ကျော်ကြားသော ကင်မရာထုတ်လုပ်ရေးကုမ္ပဏီကြီးများနှင့် တွဲဖက်၍ Brand Products များထုတ်လုပ်သလို အခြားသော ကမ္ဘာ့အဆင့် ကုမ္ပဏီကြီးများသို့လည်း OEM/ODM Optical Products များ ထုတ်လုပ်ပေးလျက်ရှိပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ■

အင်ပူမြို့နယ်၌ကညင်ရေလှောင်တမံ စီမံကိန်းတည်ဆောက်နေ မြေဧရိယာဧက ၂၅၀၀၀ခန့် ဆည်ရေပေးဝေနိုင်မည်

ကွင်းဆင်းလေ့လာရေးသားသူ–ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကိုအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးဦးတည်ချက်လေးရပ်အနက် စီးပွားရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် ဦးတည်ချက်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

ကညင်ရေလှောင်တမံ စီမံကိန်း

ရောဝတီတိုင်း အင်ပူမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ကညင်ရေလှောင်တမံ စီမံကိန်းကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း– သိန်းဝင်းလေး (မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဧပြီလ ၁ ရက်)

ပြည်သူများ မြန်မြန်ဆန်ဆန်အကျိုးခံစားနိုင်ရေး နိုင်ငံတော်စီမံကိန်းကြီးများ အမြန်ပြီးစီးအောင် ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို သဘောတရားရေး ခံယူချက်အဖြစ် စွဲမြဲစွာခံယူပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဟူသည့် အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိရေးဦးတည်လျက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်ကြီး အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန်လည်းကောင်း၊ ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန်လည်းကောင်း ဒေသအလိုက်၊ ဌာနအလိုက် အထူးစီမံကိန်းကြီးများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၄) ညှိနှိုင်းအစည်းအဝေးကို မတ်လ ၃၀ ရက်နေ့ မွန်းလွဲပိုင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှာစကား ပြောကြားရာ၌-

"အခြား ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရန်နှင့် မိမိတို့နိုင်ငံတော်ကြီးကို အမြန်ဆုံး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်လာစေရန်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများကို မြန်မြန်ဆန်ဆန်ပြီးစီးအောင် အကောင်အထည်ဖော်သွားနိုင်ရန်လိုအပ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ မြန်မြန်ပြီးစီးမှသာ ပြည်သူများအနေဖြင့် စီမံကိန်း၏ အကျိုးသက်ရောက်မှုများကို မြန်မြန်ခံစားကြရပြီး နိုင်ငံတော်ကြီးသည်လည်း မြန်မြန်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း"

လမ်းညွှန် မိန့်ကြားသွားသည်။

စီမံကိန်းလုပ်ငန်းကြီးများမှာ ထုထည်ပမာဏကြီးမားသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန တစ်ခုတည်းကသာ တာဝန်ယူဆောင်ရွက်နေ၍ မဖြစ်နိုင်ဘဲ လုပ်ငန်းအရဆက်စပ်နေသော အခြားဝန်ကြီးဌာနများ၏ ပံ့ပိုးအထောက်အကူပြုမှုကိုပါ ညှိနှိုင်းပေါင်းစပ်ရယူမှသာ မြန်မြန်ဆန်ဆန်တည်ဆောက်ပြီးစီးနိုင်သဖြင့် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးနိုင်ရန် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

စီမံကိန်းလုပ်ငန်းကြီးများကို အကောင်အထည်ဖော်ရာ၌ အချိန်ကြန့်ကြာမှုမရှိစေရေးနှင့် ကုန်ကျစရိတ် သက်သာစေရေးအတွက် အလေးထားသင့်သည်တို့ကို အလေးထားလုပ်ကိုင်သွားကြရမည်ဖြစ်သည်။ မြန်မြန်ပြီးစီးရုံမျှသာမက လုပ်ငန်းဆောင်ရွက်မှုများ၊ တည်ဆောက်မှုများ ကောင်းမွန်ပြီး သပ်သပ်ရပ်ရပ်ရှိရန်လည်း လိုအပ်သည်။

စီမံကိန်းလုပ်ငန်းများအနက် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းများမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် စီမံကိန်းများဖြစ်ရာ ယင်းစီမံကိန်းများကို အမြန်အကောင်အထည်ဖော်ပြီးစီးအောင် အလေးထားလုပ်ကိုင်သွားကြရမည် ဖြစ်သည်။

ထို့ပြင် ပြည်သူများ၏သွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုတို့ ပိုမိုချောမွေ့မြန်ဆန်စေရန် လက်ရှိမီးရထားလမ်းများ၏ အဆင့်ကိုလည်း စီမံချက်များနှင့်အညီ မြှင့်တင်သွားနိုင်ရေး စီမံလုပ်ကိုင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ စီမံကိန်းလုပ်ငန်းကြီးများ မြန်မြန်ဆန်ဆန်ပြီးစီးမှသာ စီမံကိန်းအကျိုးကို ပြည်သူအများ မြန်မြန်ဆန်ဆန်ခံစားနိုင်မည်ဖြစ်၍ တာဝန်ရှိသူအသီးသီးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများ အမြန်ဆုံးပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် တည်ဆောက်မှုကောင်းမွန်ပြီး သပ်သပ်ရပ်ရပ်ရှိစေရေး အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မတ် ၂၄ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း၏ မူလတန်းဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ခြင်းအခမ်းအနားကို ကျောင်းခန်းမတွင် ပြုလုပ်ရာ စ တု တ္ထ တန်းကျောင်းသူမဇူဇင်စိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဝင်းက သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (၁၉၂)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်နေ့အဝိဋ္ဌာန်

"အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်တို့ တည်ထောင်ခဲ့သည့် ထက်မြက်သော တပ်မတော်များ၏ လက်ဆင့်ကမ်း အမွေခံလျက် ပိုမိုအင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တည်ဆောက်ကြပါစို့"

မတ် ၂၆ ရက်က အဆင့်မြင့်တန်းသို့ တက်ရောက်သွားသော လယ်ယာထွက်ကုန် ဘောလုံးအသင်းနှင့် ဘင်းမ်စတက်ချန်ပီယံ မြန်မာလူငယ်အသင်း၌ ပါဝင်ခဲ့ကြသော စီးပွား/ကူးသန်းအသင်းမှ အားကစားသမားနှစ်ဦးအား ဂုဏ်ပြုပွဲကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက မြန်မာလူငယ်အသင်း၌ ပါဝင်ခဲ့သော မျိုးမင်းထွန်းအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရှင်ဥပဂုတ္တမထေရ်မြတ် ရေမျှောပူဇော်ပွဲနှင့် ဓမ္မသဘင်ပူဇော်ပွဲ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အောင်ရတနာလမ်းတွင် နှစ်စဉ်ကျင်းပသော ရပ်ကွက်လုံးဆိုင်ရာ ရှင်ဥပဂုတ္တမထေရ်မြတ် ရေမျှောပူဇော်ပွဲနှင့် ဓမ္မပူဇာသဘင်ပွဲကို ကျင်းပမည်ဖြစ်ရာ(၁၃၆၅ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်) ဧပြီ ၆ ရက် ညနေ ၄ နာရီတွင် ရဟန္တာမထေရ်မြတ်ကြီးအား ကြီးပွားရေးရပ်ကွက်တွင် ဒေသစာရီ လှည့်လည်အပူဇော်ခံပြီး ဧပြီ ၇ ရက် ညနေ ၄ နာရီတွင် မြို့နယ်အတွင်း လှည့်လည်အပူဇော်ခံကြွရောက်မည် ဖြစ်သည်။

ဧပြီ ၈ ရက် ည ၈ နာရီမှစတင်၍ ဓမ္မပူဇာသဘင်ပူဇော်ပွဲတွင် ဓမ္မကထိကဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ (အုတ်ဖို)၊ ဧပြီ ၉ ရက်တွင် သဇင်ရေကျော်ဆရာတော် ဓမ္မကထိက ဘဒ္ဒန္တ ဉာဏောဘာသ၊ ဧပြီ ၁၀ ရက်တွင် နတ်မောက်ဆရာတော် ဓမ္မကထိက ဘဒ္ဒန္တ တေဇနိယ အရှင်သူမြတ်တို့က ညစဉ် ၈ နာရီမှ စတင်၍ အောင်ရတနာမင်္ဂလာမဏ္ဍပ်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်ပြီး ဧပြီ ၁၁ ရက် နံနက် ၈ နာရီတွင် ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးအား ရေမျှောပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၅၇၁၂၅၁ ပူဇော်ပွဲကျင်းပရေးအဖွဲ့သို့ စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သွေးဆေးကန်ဆရာတော် တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ (B.Sc, Phy)သည် ရှမ်းပြည်နယ် ပင်းတယမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၂၉၉)တွင် ဧပြီ ၂၁ ရက်မှ ၂၇ ရက် (ကဆုန်လဆန်း ၃ ရက်မှ ၉ ရက်)အထိ ကျင်းပမည့် တရားစခန်းပွဲတွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ သကြံန် (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်း လစဉ်တရားစခန်းပွဲ ကျင်းပလျက်ရှိသည်။ တရားစခန်းဝင်လိုသည့် ယောဂီများအနေဖြင့် တန်ခူးလပြည့်ကျော် ၃ ရက် (ဧပြီ ၇ ရက်) ဗုဒ္ဓဟူးနေ့ ညနေအရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Nguyen Dy Nien အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

ထို့အပြင် Office Machine, Cameras, Optical Componets, Riflcscopes, Prisms, Laser Range Finders, Plastic Injections, Cases & Bags, DVD, Micro Motors, S.M.T Electronics များ ထုတ်လုပ်ခြင်းအပြင် Moulding, Precision Pressing, Coating and Printing လုပ်ငန်းများလည်း ဆောင်ရွက်ပါကြောင်း။

အခွင့်အလမ်းကောင်း

ရင်းနှီးမြှုပ်နှံမှုအတွက် သင့်လျော်သောနိုင်ငံကို အာရှနိုင်ငံများအကြား ရွေးချယ်ရာမှာ လူ့စွမ်းအားအရင်းအမြစ်၊ တည်ငြိမ်သည့်အခြေအနေ စသည့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းတွေကြောင့် FDI Inviting Countries တွေအနက်က မြန်မာနိုင်ငံကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း။

Myanmar Asia Optical International Company Limited ၏ ပထမအဆင့်လုပ်ငန်းများ ရည်ရွယ်ထားသည့်အတိုင်း ချောမွေ့ အောင်မြင်မည်ဆိုလျှင် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုကို တဖြည်းဖြည်းတိုးမြှင့်သွားခြင်းဖြင့်လည်းကောင်း၊ အချို့တိုင်းပြည်များမှ ရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံအတွင်းသို့ ရွှေ့ပြောင်းလာခြင်းဖြင့်လည်းကောင်း၊ ငါးနှစ်အတွင်း အလုပ်သမား ၅၀၀၀ ခန့်နှင့် တစ်လကို Lens ခုရေ ဆယ်သန်းခန့် ထုတ်လုပ်နိုင်သည့် ကမ္ဘာ့အကြီးဆုံး Lens Factory အဖြစ်ရောက်ရှိရန် စီစဉ်ထားပါကြောင်း၊ ထို့ပြင် ထုတ်ကုန်များ ကနဦးတွင် Lens များသာထုတ်လုပ်ရာမှ Lens Unit Digital Camera အစရှိသည့် Optical Apparatuses, Electronic Apparatuses များကို တိုးချဲ့ထုတ်လုပ်သွားမည်ဖြစ်ပါကြောင်း။

နည်းပညာဖွံ့ဖြိုးစေမည်

သာမန်အားဖြင့် ထုတ်လုပ်မှုလုပ်ငန်းတစ်ခုအတွက် ထုတ်လုပ်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများလိုအပ်ရာမှာ မိမိတို့၏လုပ်ငန်းသည် Hi Tech လုပ်ငန်းဖြစ်သည့်အတွက် နည်းပညာရှင်လိုအပ်ချက်အတွက် မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့်လည်း ပူးပေါင်းညှိနှိုင်းမွေးထုတ်သွားရန် ရည်ရွယ်ထားပါကြောင်း၊ ဤလုပ်ငန်းမှ နည်းပညာရှင်အဆင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့်အပြင် မြန်မာနိုင်ငံ၏ နည်းပညာဖွံ့ဖြိုးရေးအတွက် ကြီးစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

☼ ကျောဖုံးမှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ၏ အထူးကိုယ်စားလှယ်နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Pham Quang Khon လည်း တက်ရောက်သည်။

(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား Asia Optical Company Inc. Group မှဆောင်ရွက်နေသည့် ကုန်ထုတ်လုပ်ငန်း မှတ်တမ်းတင် ဗီဒီယိုကိုပြသသည်။

စမ်းသပ်လုပ်ကိုင်မှုကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စက်ရုံ၏လုပ်ငန်းခွင်သို့ သွားရောက်၍ မှန်ဘီလူးပုံသွင်းခြင်း၊ မှန်ချပ်အမြောက်အမြားကို တစ်ပြိုင်နက် အချောကိုင်ခြင်း၊ မျက်နှာပြင် အချောသွေးခြင်း၊ ပြောင်လက်အောင်အချောကိုင်ခြင်း၊ ပါးလွှာသော အရောင်တင်ခြင်းနှင့် မှန်မျက်နှာပြင် စစ်ဆေးခြင်းလုပ်ငန်းများ စမ်းသပ်လုပ်ကိုင်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး နံနက်ပိုင်းတွင် စက်ရုံလုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။

ထုတ်လုပ်မည်

မကြာမီဖွင့်လှစ်တော့မည့် Myanmar Asia Optical International Co., Ltd.၏စက်ရုံမှ အလင်းနှင့်ဆိုင်သော ပစ္စည်းကိရိယာအမျိုးမျိုး၊ ကင်မရာ၊ ဒစ်ဂျစ်တယ်ကင်မရာ၊ လေဆာနည်းပညာသုံး အကွာအဝေးတိုင်းကိရိယာအမျိုးမျိုး၊ အဝေးကြည့်မှန်ပြောင်းအရွယ်အစားအမျိုးမျိုး၊ ကင်မရာမှန်ဘီလူးအရွယ်အစားအမျိုးမျိုးနှင့် အလင်းမှန်တုံးများ ထုတ်လုပ်မည်ဟု သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မင်္ဂလာဒုံစက်မှုဇုန်ရှိ Myanmar Asia Optical International Co., Ltd. ၏ စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁-၄-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၀	၆။	အကပဒေသာ
၈း၁၀	၇။	အတီးပြိုင်ပွဲ
၈း၂၀	၈။	နတ်ပန်ချီအလား ရောဝတီ မြစ်ကူးမကွေးတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၁၇း၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၃၀	၇။	**"တန်ဖိုး"** (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ-သက်တင်)
၁၇း၃၅	၈။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၇း၄၅	၉။	တေးဂီတအစီအစဉ်
၁၈း၀၀	၁၀။	ရွှေတိဂုံစေတီတော်ရွှေထီးတော် တင်မင်္ဂလာအခမ်းအနား (၄-၄-၁၉၉၉)
၁၈း၃၀	၁၁။	ညနေခင်းသတင်း
၁၉း၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၁၁)
၁၉း၃၀	၁၄။	တေးဂီတအစီအစဉ်
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာဗီဒီယိုဇာတ်လမ်း **"အမြင့်ချင်ဆုံးအရာ"** (အပိုင်း-၁) (လူမင်း၊မျိုးသန္တာထွန်း) (ဒါရိုက်တာ-သန်းဖေလေး)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

တောင်ကြီးစက်မှုလက်မှု အထက အာစရိယပူဇော်

ရန်ကုန် မတ် ၃၁

တောင်ကြီးမြို့ စက်မှုလက်မှု အထက ကျောင်းသားဟောင်းများ၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၁ ရက် နံနက် ၁၁ နာရီက ကုန်းသာယာကျောင်းတိုက်၌ ကျင်းပရာ အပူဇော်ခံဆရာကြီး ဆရာမကြီး ၃၆ ဦးတို့အား တစ်ဦးလျှင် ပူဇော်ကန်တော့ ငွေကျပ် ၃၀၀၀၀စီဖြင့် ကျောင်းသားဟောင်းများက ပေးအပ်လှူဒါန်းကြပြီး (အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီးများ ကိုယ်စား ကျောင်းအုပ်ဆရာကြီး (အငြိမ်းစား) ဦးစောဒေးဗစ်ဝင်းက အာစရိယပူဇော်ပွဲနှင့် ပတ်သက်သည့် ကျောင်းသားဟောင်းများနှင့် အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီက နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သိရသည်။ **(က-ပ)**

စီမံခန့်ခွဲမှု မဟာဘွဲ့ (MBA)ဝင်ခွင့်လျှောက်နိုင်

ရန်ကုန် မတ် ၃၁

နိုင်ငံတကာအဆင့်ရှိ စီးပွားရေး လုပ်ငန်း စီမံခန့်ခွဲမှု မဟာဘွဲ့(MBA) အချိန်ပြည့် နှစ်နှစ်သင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယခုနှစ် ဇွန်လတွင် ဖွင့်လှစ်မည့် ပထမနှစ် သင်တန်းအတွက် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဝင်ခွင့်ရေးဖြေ စာမေးပွဲတွင် လက်ခံနိုင်သည့် အဆင့်ရှိသူများကို လူတွေ့စစ်ဆေး ရွေးချယ်မည်ဖြစ်သည်။

မတ် ၃၀ရက်မှစ၍ ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေ ပတ္တမြားအဆောက်အအုံတွင် သင်တန်းဝင်ခွင့် လျှောက်လွှာများကို ဝယ်ယူပြီး ဧပြီ ၁၀ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟီလာမြို့တွင် ကန်တို့နှင့်ပူးပေါင်းသူ ရဲအရာရှိချုပ်နေအိမ်အပြင်ဘက်

အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွား

ဘဂ္ဂဒက် မတ် ၃၀

အသေခံဗုံးခွဲတိုက်ခိုက်သူ တစ်ဦးသည် ဘဂ္ဂဒက်တောင်ဘက် ဟီလာမြို့တွင် အမေရိကန်နှင့်ပူးပေါင်းဆောင်ရွက်သူ ရဲအရာရှိချုပ်၏ နေအိမ်အပြင်ဘက်၌ သူ၏ကားကို အင်္ဂါနေ့က ဖောက်ခွဲတိုက်ခိုက်သဖြင့် သူကိုယ်တိုင်သေဆုံးပြီး အခြားလူခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အရာရှိများက ပြောကြားသည်။

ဇန်နဝါရီ ၃၁ ရက်၌ ရွေး ကောက်ပွဲများ အီရတ်တို့ ကျင်းပလိုလျှင် လုံခြုံရေးပိုကောင်းမွန်မှုသည် အရေးကြီး ကြောင်း ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ပြောဆိုခဲ့ပြီးနောက် ယခုကဲ့သို့ အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့ ခြင်းဖြစ်သည်။

ထိမှန်

ဘဂ္ဂဒက်အနောက်ဘက်ရှိ ရာမာဒီမြို့၌ အင်္ဂါနေ့တွင် ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်မှုကြောင့် ဟမ်းဗီးယာဉ် တစ်စီး ထိမှန်မီးလောင်ခဲ့ရာ အဆိုပါ ဟမ်းဗီးယာဉ်ပေါ် ပါရှိသူ တပ်ဖွဲ့ဝင်လေးဦး အခြားဟမ်းဗီးယာဉ်ရှိရာသို့ ကိုယ်လွတ်ရုန်းပြေးခဲ့ရသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

အီရတ်တောင်ပိုင်းရှိ နာဂျက်ဖ်မြို့တွင်လည်း ရဲတပ်ဖွဲ့၌ အလုပ်အကိုင်ရရှိရေးအတွက် လျှောက်ထားရာတွင် ကြန့်ကြာမှုကို အီရတ်တို့က ဆန္ဒပြခဲ့ကြပြီး စပိန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲအဖွဲ့တို့ကို ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြသည်။

ဒဏ်ရာရ

ဆန္ဒပြမှုမှာ သုံးနာရီမျှကြာမြင့်ခဲ့ပြီး ရဲအရာရှိသုံးဦးနှင့် ဆန္ဒပြသူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အသေခံဗုံးခွဲတိုက်ခိုက်မှုသည် ဘဂ္ဂဒက်တောင်ဘက် မိုင် ၆၀ ခန့်ရှိ ဟီလာမြို့၌ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့်အပတ်၌ အခြားရဲအရာရှိ တစ်ဦး သေနတ်ပစ်ခံရပြီး သေဆုံးခဲ့သော နေရာအနီး၌ ဖြစ်သည်။

ပစ်ခတ်

ထို့ပြင် တိုက်ခိုက်ရေးသမားများက ရဲတပ်ဖွဲ့ဝင်သစ်ကိုးဦးစီးလာသောကားကို ပစ်ခတ်ပြီးသတ်ဖြတ်ခဲ့ရာ နေရာအနီး၌ လည်းဖြစ်သည်ဟု ဆိုသည်။

အိမ်စောင့်များဖြစ်

ဒဏ်ရာရသူခုနစ်ဦးတွင် လေးဦးမှာ အစောင့်များ ဖြစ်ပြီး အခြားသုံးဦးမှာ အနီးရှိအိမ်များ၌ နေသူများဖြစ်ကြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ

ကယ်လီဖိုးနီးယားမှတပ်ဖွဲ့ဝင်နှစ်ဦး အီရတ်၌ တာဝန်ထမ်းဆောင်စဉ် သေဆုံး

ဘဂ္ဂဒက် မတ် ၂၉

အီရတ်၌ တာဝန်ထမ်းဆောင်နေစဉ်အတွင်း (မြောက်ပိုင်း)ကယ်လီဖိုးနီးယားမှ နောက်ထပ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။ အသက် (၄၁)နှစ်ရှိ စတော့တန်မြို့မှ ဗိုလ်မှူး မတ်ဒီတေလာသည် ဖော်လူဂျာရှိ ၎င်းနေထိုင်ရာဒေသ၌ ဒုံးကျည်ထိမှန်ကာ မတ် ၂၀ ရက်၌ သေဆုံးခဲ့သည်။ တေလာသည် မြောက်ကာရိုလိုင်းနားမှ အမှတ် (၈၂) လေကြောင်းချီတပ်မတွင် ခွဲစိတ်ကုသဆရာဝန်တစ်ဦးအဖြစ် အလုပ်လုပ်ကိုင်သူဖြစ်သည်။

လာ့သ်ရော့မှ အသက် (၄၁)နှစ်ရှိ အမျိုးသားကာကွယ်ရေးအစောင့်တပ်အရာရှိ မိုက်ကယ်လ်ဗီဂါသည် လွန်ခဲ့သည့်ကိုးရက်၌ ဟားမားယာဉ်လိမ့်ပြီး ၎င်းအပေါ်ပိခဲ့သဖြင့် ဦးခေါင်းတွင် ပြင်းထန်စွာဒဏ်ရာရကာ အဆိုပါဝေဒနာဖြင့် မတ် ၂၀ ရက်က သေဆုံးခဲ့သည်။ ဗီဂါသည် ဆာခရာမင်တိုရှိ အမှတ် (၂၂၃)တပ်ရင်းမှ ဖြစ်သည်။ ၎င်းသည် အီရတ်စစ်ပွဲအတွင်း လေးဦးမြောက် သေဆုံးသော ကာလီဖိုးနီးယား အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ဝင်ဖြစ်သည်။ **(အင်တာနက်)**

အကြမ်းဖက်မှုပြည်တွင်းလုံခြုံရေးနှင့်ပတ်သက်၍ဘုရှ်ကိုင်တွယ်မှု အမေရိကန်ပြည်သူလူထု၏ထောက်ခံမှု လျော့ကျလာ

ဝါရှင်တန် မတ် ၃၀

စက်တင်ဘာ ၁၁ တိုက်ခိုက်မှုမဖြစ်ပွားမီ သမ္မတဘုရှ်၏ အကြမ်းဖက်မှုနှိမ်နင်းရေးတာဝန်ခံများအပေါ် အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေး အကြီးအကဲဟောင်း ရစ်ချတ်ကလပ်ခ်က မေးခွန်းထုတ်ခဲ့ချိန်မှစပြီး သမ္မတဘုရှ်၏ ပြည်တွင်းလုံခြုံရေး ကိုင်တွယ်ဆောင်ရွက်မှုကို မဲဆန္ဒရှင်များ၏ထောက်ခံမှုသည် ကျဆင်းလာခဲ့ကြောင်းကို ဝိခ် လူထုသဘောထား ကောက်ယူချက်အရ သိရသည်။

နယူးစ်ဝိခ်၏ လူထုသဘောထား ကောက်ယူချက်တွင် ဘုရှ်၏ အကြမ်းဖက်မှုနှိမ်နင်းရေးစစ်ပွဲနှင့် ပြည်တွင်းလုံခြုံရေး ကိုင်တွယ်မှုတွင် ထောက်ခံမှုသည် လွန်ခဲ့သည့်နှစ်လ၌ ၇၀ရာခိုင်နှုန်းရှိခဲ့ရာမှ ၅၇ရာခိုင်နှုန်းသို့ လျော့ကျခဲ့ကြောင်း တွေ့ရှိရသည်။

လူထုသဘောထား ကောက်ယူချက်ကို လွန်ခဲ့သည့် သီတင်းပတ်၌ ၉/၁၁ ခုံရုံးတွင် ကလပ်ခ် အစစ်ခံထွက်ဆိုခဲ့ပြီးနောက် ကလပ်ခ်က သူ၏စွပ်စွဲချက်များ အသေးစိတ်ကို သူရေးသားသော စာအုပ်တွင် ဖော်ပြခဲ့သည်။

လျစ်လျူရှု

ယခင်သမ္မတဟောင်း လေးဦးထဲ၌ အကြမ်းဖက်ခြိမ်းခြောက်မှုကို ကိုင်တွယ်မှု လွဲချော်ခဲ့ကြောင်းနှင့် အယ်လ်ခိုင်ဒါအဖွဲ့က စက်တင်ဘာ ၁၁ ရက်မတိုင်မီ သတိပေးချက်များကို လျစ်လျူရှုခဲ့ကြောင်း စွပ်စွဲခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

လုံခြုံရေးစောင့်ကြပ်

မတ် ၃၀ ရက်က ဘဂ္ဂဒက်မြို့တွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မတ် ၃၀ ရက်က မိုဆူးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက သံသယရှိသော အီရတ်တစ်ဦးကို ဖမ်းဆီးစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီတာမင်အီးစားသုံးမှုကင်ဆာရောဂါကာကွယ်နိုင်ဟုဆို

ဝါရှင်တန် မတ် ၂၉

ဗီတာမင်အီးသည် အနည်းဆုံး သာမန်ကင်ဆာအမျိုးအစားများဖြစ်သည့် အကျိတ်ကင်ဆာနှင့် ဆီးအိမ်ကင်ဆာများကို ကာကွယ်နိုင်ကြောင်း သုတေသနပညာရှင်များက စနေနေ့တွင် ထုတ်ဖော် ပြောကြားသည်။

တွေ့ရှိ

ဗီတာမင်အီးပါဝင်သော အစားအစာများ အများဆုံးစားသုံးမှု သို့မဟုတ်ဘဲ သွေးထဲတွင် အများဆုံးပါရှိမှုအပေါ်မူတည်၍ အနည်းဆုံး ကင်ဆာဖြစ်ပွားနိုင်သည်၊ မဖြစ်ပွားနိုင်သည်ဆိုသည့် အချက်နှစ်ချက်ကို သုတေသီများက လေ့လာတွေ့ရှိထားကြောင်း သိရသည်။

မှတ်ချက်ပြု

သို့ရာတွင် စားသုံးသော အစားအစာများပေါ်မူတည်၍ ဗီတာမင်အီး ဖွဲ့စည်းပါဝင်မှုကွဲပြားမှု အချို့ရှိကြောင်း သုတေသီများက မှတ်ချက်ပြုပြောကြားသည်။ ဖြည့်စွက်အစားအစာများတွင် အယ်ဖာတိုကိုဖီနော (ဗီတာမင်အီး) ပါဝင်မှုမတွေ့ရသော်လည်း နေကြာစေ့၊ မက်မန်းသီးနှင့် ငရုတ်ကောင်းတို့တွင် တွေ့ရှိရသည်ဟု ဆိုသည်။

အမေရိကန် အမျိုးသားကင်ဆာကောလိပ်မှ တင်ပြသည့် လေ့လာချက်တစ်ခုတွင် ဗီတာမင်အီး အများဆုံးစားသုံးသည့် အမျိုးသားများတွင် အကျိတ်ကင်ဆာဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိထားသည်ဟု ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်နှင့် ကင်ညာ လူထုဆက်သွယ်ရေး ပူးပေါင်းမှု တိုးတက်

နိုင်ရိုဘီ မတ် ၂၈

တရုတ်နှင့် ကင်ညာနိုင်ငံတို့သည် လူထုဆက်သွယ်ရေးနယ်ပယ်တွင် နွေးထွေးလိုက်လှဲစွာ ဆက်ဆံမှုရှိကြောင်းနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆက်ဆံရေးပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း တရုတ်အရာရှိကြီးတစ်ဦးက နိုင်ရိုဘီမြို့တွင်ကြာသပတေးနေ့က ပြောကြားသည်။

တရုတ်-ကင်ညာ နှစ်နိုင်ငံဆက်ဆံရေး မှန်မှန်တိုးတက်ဖွံ့ဖြိုးခြင်းနှင့်အတူ လူထုဆက်သွယ်ရေးနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်မှုသည်မကြာသေးသော နှစ်များအတွင်း၌ ခိုင်မာတောင့်တင်းခဲ့သည်ဟု တရုတ်သံအမတ်ကြီး ကျောက်ချွန်လီက ပြောကြားသည်။

သံအမတ်ကြီးက တရုတ်တရားဝင် သတင်းဌာနဖြစ်သော ဆင်ဟွာ၏ အာဖရိကဗျူရိုကို ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ထူထောင်ခဲ့ခြင်းနှင့် တရုတ်နိုင်ငံတကာဆိုင်ရာ ရေဒီယိုအစီအစဉ်၏ ဌာနေသတင်းစာဆရာ နိုင်ရိုဘီ၌ ရှိခြင်းကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘာဆာရာ၌ ပြောက်ကျားများနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များတိုက်ပွဲဖြစ်ပွား

အီရတ်သတင်းစာဆရာနှစ်ဦး သေဆုံးခဲ့ရမှု အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြမှုများ ဖြစ်ပေါ်

မတ် ၂၉ ရက်က ဘာဆာရာမြို့၌ အီရတ်ခုခံရေးသမားများနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များအကြား ပဋိပက္ခဖြစ်ပွားလျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ရုန်းရင်းဆန်ခတ်ဖြစ်

မတ် ၂၉ ရက်က ဘာဆာရာမြို့၌ ဆန္ဒပြသူ အီရတ်များနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ ရုန်းရင်းဆန်ခတ် ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း
အီရတ် မြင် ကွင်း

အောင်ပွဲခံ

မတ် ၂၉ ရက်က ဖော်လူဂျာမြို့၌ အမေရိကန်စစ်ယာဉ်တစ်စီးကို ပြောက်ကျားတို့က ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်ပြည်သူများ အောင်ပွဲခံနေကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မတ် ၃၀ ရက်က ဘဂ္ဂဒက်၌ အီရတ်သတင်းစာဆရာများက အယ်လ်အာရေဗျဂြိုဟ်တုသတင်းဌာနတွင် အလုပ်လုပ်သည့် အီရတ်သတင်းစာဆရာနှစ်ဦး သေဆုံးရမှုနှင့်ပတ်သက်ပြီး မကျေနပ်၍ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဗုံးပေါက်ကွဲ

မတ် ၂၈ ရက်က ဘဂ္ဂဒက်မြို့၌ လမ်းဘေး ဗုံးပေါက်ကွဲသည့်နေရာကို အီရတ်တို့က ကြည့်ရှုနေစဉ်။

(ယင်းတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။)

(ဓာတ်ပုံ– အင်တာနက်)

ဘာဆာရာ၌ ဆန္ဒပြသူများနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များအကြား ပဋိပက္ခဖြစ်ပွား ခဲတ်ဆီပုံးဖြင့်ပစ်ပေါက်၍ ဗြိတိသျှတပ်ဖွဲ့ဝင်အချို့ မီးလောင်ခံရ

ဘာဆာရာ မတ် ၃၀

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ဆန္ဒပြသူများနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ တနင်္လာနေ့က ပဋိပက္ခဖြစ်ပွားရာ ဆန္ဒပြသူတစ်ဦးထက်မနည်း ဒဏ်ရာရခဲ့သည်။

ဆန္ဒပြသူ ၈၀ခန့်သည် ဗြိတိသျှတပ်ဖွဲ့ဝင်များကို ကျောက်ခဲများ၊ သံချောင်းများဖြင့် ပစ်ခတ်ကာ တာယာများကို မီးတင်ရှို့ခဲ့ကြပြီး ဗြိတိသျှတပ်ဖွဲ့ဝင်များက ဆန္ဒပြသူများကို ဒိုင်းများ၊ နံပါတ်တုတ်များသုံးပြီး နှိမ်နင်းခဲ့ကြသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ရိုက်နှက်မှုကြောင့် ဆန္ဒပြသူတစ်ဦး၏ ခေါင်း၌ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆေးရုံသို့ ယူဆောင်သွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ လွန်ခဲ့သည့် သီတင်းပတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများ ပဋိပက္ခဖြစ်ခဲ့သေးရာ ဆန္ဒပြသူများက ခဲတ်ဆီပုံးများဖြင့် ပစ်ပေါက်သဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်အချို့ဖြင့် ခေတ္တမျှမီးလောင်ခံရသည်။ ယင်းဆန္ဒပြ မှုတွင် ဗြိတိသျှတပ်ဖွဲ့ဝင် ၁၃ဦး ဒဏ်ရာအနည်းငယ်ရခဲ့ကြပြီး ဆန္ဒပြမှုမှာ သုံးလေးနာရီမျှကြာခဲ့သည်။

ဆန္ဒပြသူအများစုမှာ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်ဟောင်းများ သို့မဟုတ် လက်ရှိတပ်ဖွဲ့ဝင်များက ၎င်းတို့၏ ပင်စင်လစာ သို့မဟုတ် လစဉ်လစာငွေအတွက် ပြုလုပ်ကြခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ရဟတ်ယာဉ်ကင်းလှည့်

မတ် ၂၉ရက်က ဘာဆာရာမြို့တွင် ဗြိတိသျှစစ်ရဟတ်ယာဉ်တစ်စင်းကင်းလှည့်ပျံသန်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မတ် ၂၉ရက်က မိုဆူးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက သံသယရှိသော အီရတ်တို့ကို ရှာဖွေစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာအနီး ကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရ

ဘဂ္ဂဒက် မတ် ၃၀

အီရတ်နိုင်ငံ အလယ်ပိုင်းရှိ ဖော်လူဂျာမြို့တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခု တနင်္လာနေ့က လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းခံခဲ့ရရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားသည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

တိုက်ခိုက်မှုမှာ ဘဂ္ဂဒက်အနောက်ဘက်မှ ဖော်လူဂျာမြို့ ၁၈ ကီလိုမီတာအကွာ၌ဖြစ်ကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖော်လူဂျာမြို့သည် အမေရိကန်နှင့် အပေါင်းပါတပ်များကို အကြီးအကျယ်ခုခံတိုက်ခိုက်ရာ မြို့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မိုဆူးလ်ဆေးရုံ၌ ကူးစက်အရေပြားရောဂါဖြစ်ပွား အီရတ်ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၃၀

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၄၀၀ အကွာအဝေးရှိ မိုဆူးလ်မြို့ ပြည်သူ့ဆေးရုံ၌ ပြီးခဲ့သည့် သီတင်းပတ်က ဆိုးရွားပြင်းထန်သော အရေပြားရောဂါဖြစ်ပွားသဖြင့် အီရတ်ခြောက်ဦးသေဆုံးခဲ့ကြောင်း၊ ၎င်းတို့သည် ကူးစက်တတ်သည့် အရေပြားရောဂါတစ်မျိုးကြောင့်ဖြစ်ကြောင်း အီရတ်နိုင်ငံထုတ် အက်ဇာမင်သတင်းစာက တနင်္လာနေ့တွင် ဖော်ပြထားသည်။

အဆိုပါသေဆုံးသွားသော အီရတ်ခြောက်ဦးကို လွန်ခဲ့သည့် သုံးရက်က ဆေးရုံက အထူးလျှို့ဝှက်စွာ မီးသဂြိုဟ်ခဲ့သည်။

ရှာဖွေတွေ့ရှိခဲ့

အီရတ် မိန်းကလေးငယ်တစ်ဦးသည် သူမ၏ လက်တွင်နေလောင်မှုဖြစ်နေသဖြင့် ၎င်း၏ဖခင်နှင့်အတူ လွန်ခဲ့သည့် သီတင်းနှစ်ပတ်က ဆေးရုံသို့ ဆေးကုသမှုခံယူရန် ရောက်ရှိလာပြီးနောက် အဆိုပါ အရေပြားရောဂါကူးစက်ဖြစ်ပွားမှုကို ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ကူးစက်ခဲ့

အဆိုပါ မိန်းကလေးငယ်မှတစ်ဆင့် ဆေးရုံရှိလူနာများနှင့် အခြားသူများထံ ကူးစက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ဆေးရုံရှိ အလုပ်သမားအားလုံး ၎င်းအရေပြားရောဂါ ကူးစက်မှုကာကွယ်ဆေးများ ထိုးထားရကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်တွင် လုံခြုံမှုပိုမိုရှိရန်အရေးကြီး ကုလကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်ပြောကြား

ဘဂ္ဂဒက် မတ် ၃၀

ဇန်နဝါရီ ၃၁ရက် နောက်ဆုံးသတ်မှတ်ရက်တွင် ရွေးချယ်ပွဲများ ကျင်းပနိုင်ရေးအတွက် အီရတ်၌ ပိုမိုလုံခြုံမှုရှိရေးသည် အရေးကြီးသည်ဟု ကုလသမဂ္ဂအဖွဲ့ခေါင်းဆောင်က တနင်္လာနေ့၌ ပြောကြားလိုက်သည်။

ဇွန် ၃၀ ရက်၌ အီရတ်တို့ကို အုပ်ချုပ်ရေးလွှဲပြောင်းခြင်းပြုပြီး ယင်းနောက် ရွေးချယ်ပွဲများကျင်းပမည့် အစီအစဉ်များ မပြုလုပ်မီကြားဖြတ်အစိုးရဖွဲ့စည်းထူထောင်ရေးကိစ္စဆွေးနွေးရန် ကုလသမဂ္ဂအဖွဲ့သည် အီရတ်အုပ်ချုပ်ရေးကောင်စီနှင့် တွေ့ဆုံခဲ့သည်။

အီရတ်တို့အနေဖြင့် အကြောက်အရွံ့ကင်းစွာဖြင့် ဆန္ဒမဲပေးနိုင်ကြောင်း၊ ကိုယ်စားလှယ်လောင်းများအဖြစ် အရွေးခံနိုင်ကြောင်း သိရှိခံစား စေမည့် လုံခြုံရေး ယခုနှစ် ဇန်နဝါရီ ၃၁ ရက်ကြားတွင် ရှိစေရန် မိမိတို့သေချာအောင်လုပ်ရန် လိုအပ်ကြောင်း အီရတ်အုပ်ချုပ်ရေးကောင်စီဝင်များနှင့် နှစ်နာရီကြာ ဆွေးနွေးအပြီး၌ ကုလသမဂ္ဂအဖွဲ့ခေါင်းဆောင် ကာရီနာပီရယ်လီက ဘဂ္ဂဒက်၌ သတင်းထောက်များကို ပြောကြားသည်။

ဤလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် လိုအပ်ဖွယ်ရှိသော အကူအညီကိုပေးရာ၌ အီရတ်ပြည်သူတို့၏ အစီအစဉ်၌ ကုလသမဂ္ဂ၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံကို ပေးသွားမည်ဟု သူမကပြောကြသည်။

ပီရယ်လီ၏အဖွဲ့သည် ဘဂ္ဂဒက်တွင် သောကြာနေ့က ရောက်ရှိခဲ့ပြီး သုံးလေးပတ်ကြာနေထိုင်မည်ဖြစ်သည်။ လက်ခ်ဒါဘရာဟီမီဦးဆောင်သော ဒုတိယကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့သည် ဧပြီလအစောပိုင်း၌ အီရတ်သို့ ရောက်လာဖွယ်ရှိသည်။

(အင်တာနက်)

နယူးဟမ်ရှိုင်းယားမှ ကန်တပ်ဖွဲ့ဝင်နှစ်ဦး ကင်းလှည့်စဉ် တိုက်ပွဲဖြစ်ပွားရာမှဒဏ်ရာရရှိ

ကွန်ကော့ဒ် မတ် ၂၉

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အမေရိကန်အမျိုးသား အစောင့်တပ်မှ တပ်ဖွဲ့ဝင်များ တနင်္ဂနွေနေ့က ကင်းလှည့်စဉ် တိုက်ပွဲဖြစ်ပွားရာ နယူးဟမ်ရှိုင်းယားမှ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရရှိခဲ့ကြသည်။

တပ်ကြပ်ကြီး ဂျေဆွန်ဝီဗာ (၃၀)နှစ်သည် ဝဲဘက်ခြေထောက်၌ဒဏ်ရာရပြီး တပ်ဖွဲ့ဝင် ဂါဟာ့ဒ်လမ်ဆန် (၂၆)နှစ်မှာ လက်နှစ်ဖက်စလုံး၌ ထိမှန်ဒဏ်ရာရခဲ့သည်။ ခုခံတိုက်ခိုက်ရေးပြောက်ကျားလေးဦး မောင်းလာသောကားကို ရပ်တန့်ခိုင်းရာမှ ပြောက်ကျားများနှင့် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိုသို့ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ခုခံတိုက်ခိုက်ရေး ပြောက်ကျားများ မောင်းလာသော ကားသည် မိုဆူးလ်မြို့တွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များကို ကားမောင်းလျက်ပစ်ခတ်သွားခဲ့သော ကားဖြစ်နေခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များက ကားကိုရပ်ခိုင်းခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်

နယူးဒေလီ မတ် ၂၉

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် စစ်ဘက်ဆိုင်ရာဆက်ဆံမှုများနှင့်သံသယရှိမှုများ ပပျောက်ရေးတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြီးခဲ့သောသီတင်းပတ်က ဆယ်စုနှစ်တစ်ခုအတွင်း တရုတ်ကာကွယ်ရေးဝန်ကြီး အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်လည်ပတ်စဉ် တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

၁၉၆၂ခုနှစ်က စစ်ဖြစ်ခဲ့သော ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံနှစ်နိုင်ငံ၏ ဆက်ဆံရေးသည် ကုန်သွယ်ရေးကို အကြောင်းပြု၍ မကြာသေးမီနှစ်များက ဆက်ဆံရေးတိုးတက်ခဲ့သည်။

ပြောကြား

မိမိတို့နှစ်နိုင်ငံစလုံး၌ စိုးရိမ်ပူပန်မှုများရှိကြကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးမှုများသည် အထင်အမြင်လွဲမှားမှုမဖြစ်အောင် ရည်ရွယ်ကြကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ယင်းနှစ်နိုင်ငံသည် ၂၁၇၀မိုင်အရှည် နယ်စပ်တစ်လျှောက် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းသစ်များ ဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီး ကာအိုဂျန်ချွမ်နှင့် အိန္ဒိယကာကွယ်ရေးဝန်ကြီး ဂျော့ဖာနန်ဒက်ဇ်တို့သည် စစ်ရေးအမြင်များ ဖလှယ်ခဲ့ကြကြောင်းသိရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်အရ အကောင်အထည်ဖော်ရမည့် ရေအားလျှပ်စစ်စီမံကိန်းအရေအတွက်များပြား အချို့စီမံကိန်းများပမာဏကြီးမားသဖြင့် ဝန်ကြီးဌာနအားလုံး၏ ပေါင်းစုအင်အားရယူတည်ဆောက်မှုမြန်ဆန်အောင်မြင်မည်

✡ *ကျော့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ တွဲဖက်အတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပဏာမရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့် လျှပ်စစ်စွမ်းအား ထုတ်လုပ်ပေးနိုင်မည့် လျှပ်စစ်ဓာတ်အားစီမံကိန်းများကို စနစ်တကျချမှတ်ပေးပြီး ကြီးကြပ်အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင်ဦးစီးသော နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း ဦးဆောင်ကော်မတီနှင့် အဖွဲ့ဝင်ကိုးဦးပါရှိသော နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်မှာ လျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ တည်ဆောက်နေသောစီမံကိန်းများကို ကြပ်မတ်ဦးဆောင်မှုအပိုင်းရှိသကဲ့သို့ အသစ်တည်ဆောက်သင့်သည့် စီမံကိန်းများကိုထောက်ခံတင်ပြသည့် လုပ်ငန်းပိုင်းဟူ၍ အကြမ်းအားဖြင့်နှစ်ပိုင်းရှိမည်ဖြစ်ကြောင်း။

လျှပ်စစ်စွမ်းအားအရင်းအမြစ်

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် နိုင်ငံတော်က တိုင်းပြည်တွင် လိုအပ်နေသော လျှပ်စစ်စွမ်းအားကဏ္ဍကို အလေးအနက်ထားပြီး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်သွားမည့် အခြေအနေကို အသိပေးရှင်းလင်းဆွေးနွေးရန်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အပိုင်းကလည်း လျှပ်စစ်စွမ်းအား အရင်းအမြစ်များ၏ အခြေအနေကို အကြမ်းဖျင်းရှင်းလင်းတင်ပြနိုင်ရန်ဖြစ်ကြောင်း။

စွမ်းအင်ကဏ္ဍအရေးပါ

တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အထူးသဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံထူထောင်ရေးတွင် လျှပ်စစ်ဓာတ်အားအပါအဝင် စွမ်းအင်ကဏ္ဍသည် မရှိမဖြစ်အရေးပါလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဓာတ်အားထုတ်လုပ်

၁၉၈၈ခုနှစ်မတိုင်မီက တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု အခြေအနေကိုပြန်ကြည့်လျှင် ရေအား၊ ဓာတ်ငွေ့အား၊ ရေနွေးငွေ့အား စသည့် အင်အားသုံးမျိုးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခဲ့သည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ စုစုပေါင်းစက်တပ်အင်အားမှာမဂ္ဂါဝပ် ၅၈၀ ကျော်ရှိပြီး ဓာတ်ငွေ့သုံး လျှပ်စစ် စက်အင်အားက ၅၁ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်စက်အင်အားက ၃၈ဒသမ ၈ရာခိုင်နှုန်းနှင့် ရေနွေးငွေ့သုံးလျှပ်စစ် စက်အင်အားက ၁၀ ဒသမ ၂ရာခိုင်နှုန်းအသီးသီးဖြစ်ကြကြောင်း၊ ဓာတ်ငွေ့သုံးလျှပ်စစ်စက်အင်အား မဂ္ဂါဝပ် ၃၀၀ ရှိပြီး အချိုးအစားအများစုဖြင့် ဓာတ်အားထုတ်လုပ်ပေးနေခဲ့ခြင်းဖြစ်ကြောင်း။

၁၉၈၈ ခုနှစ် နောက်ပိုင်းကစ၍ ယနေ့အထိ အသစ်တိုးချဲ့တည်ဆောက်သည့် စီမံကိန်းများကိုကြည့်မည်ဆိုလျှင် ရေအားလျှပ်စစ်စက်ရုံ ၂၈ခုနှင့် သဘာဝဓာတ်ငွေ့စက်ရုံခြောက်ခု စုစုပေါင်းစက်ရုံ၃၄ခု တွင် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၅၆၀ကျော် ထပ်မံတိုးချဲ့တည်ဆောက်ခဲ့ပါကြောင်း၊ ထို့ကြောင့် တစ်တိုင်းပြည်လုံးတွင် စက်တပ်ဆင်အင်အား နှစ်ဆခန့်တိုးတက်လာပြီး မဂ္ဂါဝပ် ၁၂၀၀ခန့် ထုတ်လုပ်နိုင်အားရှိနေပြီဖြစ်ကြောင်း။

သုံးဆခွဲတိုးတက်လာ

သို့ရာတွင် တိုင်းပြည်၏စီးပွားရေး တိုးတက်လာမှုနှင့်အတူ ပြည်သူများ၏ လူနေမှုအဆင့်အတန်းလည်း ပြောင်းလဲတိုးတက်လာသည့်အတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အကြမ်းဖျင်းအားဖြင့် နှစ်စဉ် ၁၅ရာခိုင်နှုန်းခန့်တိုးတက်လျက်ရှိနေကြောင်း၊ ရန်ကုန်မြို့၏ ဓာတ်အားသုံးစွဲမှုကို ကြည့်မည်ဆိုလျှင် ၁၉၈၈ခုနှစ်တွင် မဂ္ဂါဝပ် ၁၃၀ခန့်ပဲရှိရာမှ ယနေ့ဆိုလျှင် မဂ္ဂါဝပ် ၄၅၀ခန့်အထိ လိုအပ်နေပြီဖြစ်သည့်အတွက် အဆအားဖြင့်သုံးဆခွဲခန့်တိုးတက် သုံးစွဲလာနေပြီဖြစ်ကြောင်း။

ဦးစားပေးထူထောင်

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် နိုင်ငံတော်၏ ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကိုအခြေခံပြီး လက်ရှိ တတိယ ငါးနှစ်စီမံကိန်းကာလတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထပ်မံတိုးချဲ့ထုတ်လုပ်နိုင်အောင်ဆောင်ရွက်ရန် လမ်းညွှန်မှုပေးပြီး ရေအားလျှပ်စစ်စီမံကိန်းများကို ဦးစားပေးထူထောင်ရန် တာဝန်ပေးထားပါကြောင်း။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနကလည်း အနှစ် ၃၀ နှစ်ရှည် လျှပ်စစ်ဖွံ့ဖြိုးရေး မဟာဗျူဟာချမှတ်ပြီး ကာလတို ငါးနှစ်စီမံကိန်းအလိုက် တည်ဆောက်သွားမည့် ရေအားလျှပ်စစ်စီမံကိန်းများကို ရေးဆွဲထားပြီးဖြစ်ကြောင်း။

သို့ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ လိုအပ်ချက်အရ အကောင်အထည်ဖော်သွားရမည့် ရေအားလျှပ်စစ်စီမံကိန်းများသည် အရေအတွက်များပြားသကဲ့သို့ အချို့စီမံကိန်းများသည် ထုထည်ပမာဏ ကြီးမားလှသည့်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတစ်ခုတည်း၏ အင်အားဖြင့် တည်ဆောက်ရန်မဖြစ်နိုင်ဘဲ နိုင်ငံတော်အဆင့်ကဦးစီးပြီး ဝန်ကြီးဌာနအားလုံး၏ ပေါင်းစုအင်အား (Conb-ined Effort)ရယူတည်ဆောက်မှသာ မြန်ဆန်အောင်မြင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က ယခုကဲ့သို့ ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကိုဖွဲ့စည်းပြီး လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျချမှတ်အကောင်အထည်ဖော်နိုင်ရန် အလေးအနက်ထား တာဝန်ပေးခြင်းဖြစ်ကြောင်း။

တည်ဆောက်သွားမည့်စီမံကိန်းများရှိ

တစ်နိုင်ငံလုံးတွင်ရှိသည့် မြစ်၊ ချောင်းများ၏ နှစ်စဉ်ရေစီးဆင်းမှု ပမာဏသည် ဧကပေ၈၇၆သန်းကျော်ရှိသည့်အနက် ကျွမ်းကျင်သူများ၏ လေ့လာတိုင်းထွာမှုအရ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်နေရာပေါင်း ၂၆၈ခု၊ မဂ္ဂါဝပ် ၄၀၀၀၀နီးပါးခန့်ထုတ်လုပ်နိုင်မည်ဟု သိရပါကြောင်း၊ လောလောဆယ် ရေအားလျှပ်စစ်မဂ္ဂါဝပ် ၃၉၀ ခန့်သာ ထုတ်လုပ်နိုင်သည့်အတွက် တည်ဆောက်သွားနိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းများစွာ ကျန်ရှိနေသေးကြောင်း။

မဟာဓာတ်အားလိုင်း

အချို့စီမံကိန်းများသည် နိုင်ငံတော်တစ်ရပ်လုံးနှင့် အကျုံးဝင်သည့် မဟာဓာတ်အားလိုင်းစနစ်အတွင်းသက်ရောက်နေသော စီမံကိန်းများဖြစ်ကြောင်း၊ ဥပမာ မန္တလေးတိုင်းတွင် အကောင်အထည်ဖော်နေသည့် မဂ္ဂါဝပ် ၂၈၀ အင်အားရှိ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသည် ဘီလူးချောင်း(၁)၊ ဘီလူးချောင်း(၂)ဟုခေါ်ဆိုသည့် လောပိတရေအားလျှပ်စစ်စက်ရုံထက် ကြီးမားသည့် မဟာဓာတ်အားလိုင်းစနစ် စီမံကိန်းကြီးဖြစ်ကြောင်း၊ ထို့အတူ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည်လည်း ပမာဏကြီးမားလှသည့် မဟာဓာတ်အားလိုင်းစနစ် စီမံကိန်းကြီးဖြစ်ကြောင်း။

ဤကဲ့သို့ မဟာဓာတ်အားလိုင်းစနစ်ထဲတွင် အကျုံးဝင်သည့် စီမံကိန်းများရှိသကဲ့သို့ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသအတွင်းမှာပဲ ထုတ်လုပ်သုံးစွဲနိုင်သည့် စီမံကိန်းများလည်းရှိကြောင်း၊ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းက ရာဇဂြိုဟ်လျှပ်စစ်စီမံကိန်းမျိုးဖြစ်ကြောင်း။

ဆက်စပ်ပံ့ပိုး

နိုင်ငံတော်မဟာဓာတ်အားလိုင်းစနစ်အတွင်း အကျုံးဝင်သည့် လျှပ်စစ်စီမံကိန်းများရော၊ ဒေသအလိုက် လျှပ်စစ်စီမံကိန်းများကိုပါ မှန်ကန်သည့် ဦးစားပေးစနစ်ဖြင့် တစ်ပြိုင်တည်း အကောင်အထည်ဖော်သွားနိုင်ရန်အတွက် လိုအပ်သည်များကို လုပ်ငန်းကော်မတီအနေဖြင့် ညှိနှိုင်းစိစစ်ဆက်စပ်ပံ့ပိုး အထောက်အကူပြုသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ၂၀၀၄ ခုနှစ်အတွင်းပြီးစီးမည့် ဆောင်ရွက်ဆဲရေအားလျှပ်စစ်စီမံကိန်းများ၊ လာမည့် လေးနှစ်တာကာလအတွင်း ဆောင်ရွက်ပြီးစီးမည့် ရေအားလျှပ်စစ်စီမံကိန်းများ၊ ဆက်လက်ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းများ၊ ၂၀၀၄ ခုနှစ်အတွင်းပြီးစီးမည့် မဟာဓာတ်အားလိုင်းစီမံကိန်းများ၊ လာမည့်လေးနှစ်အတွင်းပြီးစီးမည့် မဟာဓာတ်အားလိုင်း စီမံကိန်းများ၊ ဆက်လက်ဆောင်ရွက်မည့် မဟာဓာတ်အားလိုင်းစီမံကိန်းများ၊ ၂၀၀၄ ခုနှစ်အတွင်းပြီးစီးမည့် ဓာတ်အားခွဲရုံများ၊ ဆက်လက်ဆောင်ရွက်မည့် ဓာတ်အားခွဲရုံများနှင့် တိုးတက်ဖြစ်ပေါ်လာမည့် စက်တပ်အင်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရေအားလျှပ်စစ်စီမံကိန်း

ဆက်လက်၍ လုပ်ငန်းကော်မတီဝင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်နေသော ရေအားလျှပ်စစ်စီမံကိန်းများ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းပေး၍ နိုင်ငံတော်လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေးစီမံကိန်းကို မဟာဓာတ်အားလိုင်းအတွင်း ထည့်သွင်းဆောင်ရွက်ရမည့်အပိုင်းနှင့် ဒေသအလိုက်အကျုံးဝင်သည့် စီမံကိန်းလုပ်ငန်းများအပိုင်းဟူ၍ နှစ်ပိုင်းခွဲလုပ်ဆောင်ကြရန်နှင့် ယင်းတို့ကို လေးနှစ်အတွင်းပြီးစီးအောင် ဖိဖိစီးစီးလုပ်ဆောင်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားကြောင်း။

မှာကြား

မဟာဓာတ်အားလိုင်းအပိုင်းတွင် ရိုးမအနောက်လိုင်းနှင့် ရိုးမအရှေ့လိုင်းဟူ၍ မဟာဓာတ်အားလိုင်း နှစ်လိုင်းဆောင်ရွက်ရန် သတ်မှတ်ထားကြောင်း၊ အဆိုပါ မဟာဓာတ်အားလိုင်းများကိုဆောင်ရွက်ရန် စနစ်တကျ စီမံချက်ရေးဆွဲ၍ သတ်မှတ်ထားသော အပိုင်းနှစ်ပိုင်းနှင့် နည်းလမ်းနှစ်သွယ်တို့ဖြင့် လုပ်ဆောင်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာများကို ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးတင်ပြကြပြီး ညှိနှိုင်းအစည်းအဝေးကို နံနက်၇နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပဲခူးတိုင်းမင်းလှအထကကျောင်းသားဟောင်းများ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃၁

ပဲခူးတိုင်း မင်းလှမြို့ အထက်တန်းကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ဆန်း ၁ရက်(ဧပြီ၇ရက်)နံနက် ၈ နာရီတွင် အထကမြို့တွင်း သပြေဆောင် ခန်းမတွင်ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ရန်ကုန်မြို့တွင် ဦးတင်အောင် ဖုန်း–၂၅၆၉၀၈၊ ၅၂၆၇၃၅၊ ဦးသန်းစိုး ဖုန်း–၃၇၆၆၈၅၊ ၅၃၄၇၃၆၊ ဦးမြင့်ဆွေ ဖုန်း–၂၅၆၀၃၇၊ ဗိုလ်ကြီးမြင့်အောင် (ငြိမ်း) ဖုန်း–၆၉၀၀၆၂ နှင့် မင်းလှမြို့တွင် ဦးကြင်စိုး၊ ဒေါက်တာသန်းလွင်၊ ဒေါ်စမ်းမော်ချိုတို့သို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မတ် ၂၇ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) အမက(၂၁)မူလတန်းလွန်ကျောင်း သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်မြင့်က စတုတ္ထတန်းမှ မယွန်းနေခြည်ကျော်အား လက်မှတ်အပ်နှင်းစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၁–၄–၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ မြန်မာသကြီန်
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ မြန်မာသကြီန်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Developing a Business Plan (အိမ်တွင်းစီးပွား)
၅း၃၀ ၉။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဥဏ်ကျယ်လေး”** (အပိုင်း–၃)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သစ္စာမဏ္ဍိုင်”**(အပိုင်း–၂၇)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

ယမန်နှစ်ကကျင်းပခဲ့သော မဟာသင်္ကြန်ပွဲတော်တွင် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များကလည်း ဤသို့ မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

■ ကျောဖုံးမှ

ထို့ကြောင့်ပင် ရှေးမြန်မာ လူကြီးသူမတို့သည် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ မတိမ်ကော မပပျောက်စေရန် လက်ဆင့်ကမ်း အမွေပေးခဲ့ကြသည်။

အစဉ်အလာမပျက်ကျင်းပခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်မြင်ကွင်း

မြန်မာလူမျိုးတို့တွင် အမျိုးသားယဉ်ကျေးမှု အစဉ်အလာကောင်းများ ရှိခဲ့သည်။ လူနေမှုစနစ်၊ ယဉ်ကျေးမှု အစဉ်အလာများ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တင့်တင့်တယ်တယ်ရှိခဲ့ပြီး ဖြစ်သည်။

ထိုသို့ရှိခဲ့ပြီးဖြစ်သည့်ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများတွင် ၁၂ လရာသီ လစဉ်ကျင်းပသော ရာသီပွဲတော်များရှိခဲ့သည်။ ထိုပွဲတော်များထဲတွင် ရေသွန်းလောင်းသော အတာကူးသည့်တန်ခူးလသည်လည်း အထင်အရှားဖြစ်သည်။

ရိုးရာပွဲတော်

အတာကူးသော တန်ခူးလသည် မြန်မာတို့၏ အမြတ်တနိုး တန်ဖိုးထားသည့် မွန်မြတ်သန့်စင်သော ရိုးရာဓလေ့ပွဲတော်ကြီးတစ်ခုဖြစ်သည်။ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပျော်ပျော်ရွှင်ရွှင်ရင်းနှီးချစ်ကြည်စွာ ရေပက်ကစားလေ့ရှိကြသည်။ ဥပုသ်သီတင်းသီလဆောက်တည်ကြသည်။ အသက်လွှတ်ပွဲများ ပြုလုပ်ကြသည်။ သွေးလှူဒါန်းကြသည်။ လူကြီးမိဘသက်ကြီးရွယ်အိုများကို ပြုစုကြသည်။

ကြိုတင်ပြင်ဆင်မှု

ထိုကဲ့သို့ မြတ်နိုးဖွယ်ရာ၊ပျော်ရွှင်ဖွယ်ရာ အလေ့အထများပါဝင်သည့် ၁၃၆၅ခုနှစ် မဟာသင်္ကြန်ပွဲတော်ကြီး ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန် မြန်မာ့အလင်း သတင်းဆောင်းပါး ရေးသားရေးအဖွဲ့က ၁၃၆၅ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီး ကော်မတီဝင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှူး ဦးလှမြင့်ဆွေထံ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

"နှစ်ဟောင်းကုန်လွန်ပြီး နှစ်သစ်ကူးပြောင်းတဲ့ အခါသမယတွင် မြန်မာလူမျိုးတွေ အမွန်အမြတ်ထားတဲ့ အတာသင်္ကြန် ရေသဘင်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း စီစဉ်ကျင်းပခဲ့ပါတယ်။ ဒီအစဉ်အလာအတိုင်း ရန်ကုန်မြို့တော်နေ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရေးအတွက် ရိုးရာဓလေ့ထုံးစံများနှင့်အညီ ယခုနှစ် သင်္ကြန်ပွဲတော်ကို ယခင်နှစ်နဲ့မတူ ပိုမိုပြီး စည်စည်ကားကား ကျင်းပနိုင်အောင် စီစဉ်နေပါတယ်။

ရိုးရာမပျက်

"ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်ရဲ့လမ်းညွှန်မှုနဲ့ မဟာသင်္ကြန်ပွဲတော်ကို ကျင်းပမှာဖြစ်ပါတယ်။ ဒီလိုကျင်းပရာမှာမြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲရန်၊ ပြည်သူများ ပင်ပန်းနွမ်းနယ်ခဲ့သမျှကို အတာရေပက်ဖျန်းခြင်းဖြင့် လန်းဆန်းစေပြီး နိုင်ငံတော်တာဝန်များကို နှစ်သစ်တွင် စွမ်းအားအပြည့်ဖြင့် ဆောင်ရွက်နိုင်ရန်တို့ကို ရည်ရွယ်ပြီး ကျင်းပကြမှာဖြစ်ပါတယ်။

သင်္ကြန်ပွဲတော်ကြီး စနစ်တကျ ကျင်းပနိုင်ဖို့အတွက် ရိုးရာယဉ်ကျေးမှု ခဲ့ကြပုံများကား ပြန်ပြောင်း သတိရဖွယ်ပင်ဖြစ်သည်။

ယခုနှစ်တွင်လည်း ယခင်က ဆင်နွှဲခဲ့သည့် ကောင်းမြတ်သည့် အစဉ်အလာများအတိုင်း အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရန် ရန်ကုန်မြို့တော်မဟာသင်္ကြန်ကျင်းပရေးကော်မတီများ၏ စီစဉ်ဆောင်ရွက်ထားမှုများကိုလည်း ဆက်လက်မေးမြန်းခဲ့သည်။

"ယခုနှစ်မှာရေပက်ကစားသူများ၊ အလှပြယာဉ်များ၊ ရေကစားမဏ္ဍပ်များနဲ့ ဆုပေးမဏ္ဍပ်များ ပါဝင်မှာဖြစ်ပါတယ်။ **ပါဝင်ဆင်နွှဲကြသူများဟာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရဲ့ ကြီးကြပ်မှုနဲ့အညီ ပါဝင်ဆင်နွှဲကြဖို့ ဖြစ်ပါတယ်။ ဥပမာအားဖြင့် မဏ္ဍပ်များ ဆောက်လုပ်ရာမှာ တစ်လမ်းမောင်းယာဉ်သွားလမ်းများမှာ ဘယ်ဘက်ခြမ်းမှာသာ မဏ္ဍပ်ဆောက်ရပါမယ်။ မီးပွိုင့်ဧရိယာအတွင်း မဖြစ်ရပါဘူး၊ မဏ္ဍပ်ကြောင့် သစ်ပင်၊ ပန်းပင်တွေ မထိခိုက်စေရပါဘူး။ လမ်းမပေါ်တက်ပြီး ဆောက်လုပ်ခွင့် မပြုပါဘူး၊ သရုပ်ပျက် အော်ဟစ်သီဆိုခြင်း မပြုလုပ်ရပါဘူး၊ မြန်မာ့ယဉ်ကျေးမှုနဲ့မအပ်စပ်တဲ့ အမည်တွေ၊ အသုံးအနှုန်းတွေ မသုံးရပါဘူး။ ရေကစားချိန်ကို ညနေ ၆ နာရီမှာ ပိတ်သိမ်းရပါမယ်။ မဏ္ဍပ်များအနီးမှာ အရက်သေစာရောင်းချခွင့်မပြုပါဘူး။ ရေပက်**

၁၃၆၅ခုနှစ် မဟာသင်္ကြန် ပွဲတော် ကျင်းပရန် ပြင်ဆင်မှုအခြေအနေကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ဌာနမှူးဦးလှမြင့်ဆွေက မြန်မာ့အလင်းသို့ရှင်းပြစဉ်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

မဟာသင်္ကြန်ပွဲတော်ကျင်းပရေးနာယကအဖွဲ့၊ စည်းကမ်းထိန်းသိမ်းရေး ကော်မတီနဲ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့်ဆုချီးမြှင့်ရေးကော်မတီများကိုဖွဲ့စည်းထားပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

မဟာသင်္ကြန် ရေသဘင်ပွဲတော်ကြီးသည် မိမိတို့မြန်မာပြည်သူများအဖို့ ပျော်ရွှင်ကြည်နူးစရာ အကောင်းဆုံး ပွဲတော်ကြီးတစ်ခုပင် ဖြစ်သည်။ မိမိတို့ ငယ်ရွယ်စဉ်က မည်မျှပျော်ရွှင်ခဲ့ရ သည်။ ရိုးရာယဉ်ကျေးမှု အစဉ်အလာများ မည်မျှ ထိန်းသိမ်းခဲ့ကြသည်။ စည်းကမ်းစနစ် ကောင်းမွန်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ကြပ်မတ်မှုနှင့် ပါဝင်ဆင်နွှဲသူ ပြည်သူများ အသိတရားရှိရှိဖြင့် ယဉ်ယဉ်ကျေးကျေး ပျော်ရွှင်

ရန်ကုန်မြို့တော်ဝန် ရေကစားမဏ္ဍပ်တွင် ၁၃၆၄ခုနှစ် သင်္ကြန်ပွဲတော်ဖွင့်ပွဲကို ဤသို့ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ပျော်ရွှင်စွာ ရေပက်ကစား

မဟာရန်ကုန်မြို့တော်သူ မြို့တော်သားများ ၁၃၆၄ ခုနှစ် မဟာသင်္ကြန် ရေသဘင်ပွဲတော်တွင် ဤသို့ ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ခံသူများ ထိခိုက်နာကျင်စေတဲ့ ရေအားပြင်း ပိုက်နဲ့ ရေပက်ခြင်းကို ခွင့်မပြုပါဘူး။ ထိခိုက်နာကျင်စေတဲ့ ရေခဲထုပ်၊ ရေပူဖောင်းတို့နှင့် ရေပက်ကစားရန် ခွင့်မပြုပါဘူး။ ဒီလိုစည်းကမ်းစနစ်ရှိဖို့အတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုများကို သက်ဆိုင်ရာ အဖွဲ့အစည်းများက လိုက်လံစစ်ဆေး ကြပ်မတ်ကြမှာ ဖြစ်ပါတယ်''ဟု ပြောသည်။

စည်းကမ်းကောင်းမွန်ရေး

သင်္ကြန်ပွဲတော် ကာလအတွင်း စည်းကမ်းကောင်းမွန်ရေး စနစ်တကျ စီမံဆောင်ရွက်ထားမှုများကို သိရှိခဲ့ရသည်။ နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ကျင်းပမည့် ရေသဘင်ပွဲတော်ကို ယခုနှစ်တွင် တစ်မူထူးခြားစွာ ဆောင်ရွက်ထားမှု အခြေအနေများကို သိလို၍ ဆက်လက်မေးမြန်းကြည့်မိသည်။

''ယခုနှစ်မှာ ရိုးရာယဉ်ကျေးမှုနှင့်အညီ အိုးစည် ဒိုးပတ်အက၊ မူကြိုယိမ်း၊ ရုံးဌာန အကအဖွဲ့များ၊ ရုပ်ရှင်၊ ဂီတအကအဖွဲ့များအပြင် ဂန္ထဝင်တေးဂီတများဖြင့် ပါဝင်ဖျော်ဖြေကပြဖို့ စီစဉ်ထားပါတယ်။ ဒါ့အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက တိုင်းရင်းသား လူမျိုးများ အဖွဲ့ဝင် ၂၀၀ ခန့် မြို့တော်ဝန်မဏ္ဍပ်မှာ ပါဝင်ယိမ်းကဖျော်ဖြေကြမှာဖြစ်ပါတယ်။ ဒီနှစ်ထူးခြားတာက အာဆီယံညွန့်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံက ဧည့်သည်တော်တွေ သင်္ကြန်ပွဲတော်နဲ့ အချိန်ကိုက်ရောက်ရှိလာပြီး ပါဝင်ဆင်နွှဲကြမှာ ဖြစ်ပါတယ်။ ဒီနှစ် ရေသဘင်ပွဲတော်ဟာ အကြတ်တစ်ရက် ပိုလာပါတယ်။ မြို့တော်ဝန်မဏ္ဍပ်မှာ အငြိမ့်ကပွဲ နာရီဝက်တစ်ကြိမ် နားပြီး တိုင်း ဆင်အက၊ ကျားအကများနှင့် ဖျော်ဖြေ မှာဖြစ်ပါတယ်။ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းပြီး အစဉ်အလာမပျက် ကျင်းပခဲ့တာ ကမ္ဘာပေါ်မှာ ကျွန်တော်တို့ တစ်နိုင်ငံတည်းသာ ရှိပါတယ်''ဟု မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

မြို့တော်ဝန်မဏ္ဍပ် ညအလှ မြင်ကွင်း

ရန်ကုန်မြို့တော်ဝန် ရေကစားမဏ္ဍပ်တွင် ၁၃၆၄ ခုနှစ် သင်္ကြန်ပွဲတော် ညအလှမြင်ကွင်းကို ဤသို့ မှတ်တမ်းတင်ခဲ့သည်။

ဓာတ်ပုံမှတ်တမ်း- တင်စိုး (မြန်မာ့အလင်း)

၁၃၆၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်သည် ထူးခြားပြီး အနှစ်သာရများ ပေါ်လွင်လှသည်။ ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို တာဝန်ရှိသူများ၏ ကြပ်မတ်မှုနှင့် ပြည်သူများက အသိတရားရှိရှိဖြင့် ပါဝင်ဆင်နွှဲကြမည်ဆိုလျှင် မဟာသင်္ကြန်ပွဲတော်သည် ပိုမို၍ လှပတင့်တယ်ပေတော့မည်။

အမျိုးသားရေး

ယဉ်ကျေးသော အပြုအမူများကို ထိန်းသိမ်းပြီး အမျိုးသားရေးစိတ်ဓာတ်ဖြင့် မြန်မာ့ရိုးရာသင်္ကြန်ကို ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ ဆင်နွှဲကြရန် ဖြစ်ပါသည်။ ယဉ်ကျေးသော မြန်မာ့ရိုးရာကိုသင်္ကြန်ရေဖြင့်ပက်ဖျန်းရင်း နှစ်ဟောင်းမှ အညစ်အကြေးများ၊ မလျော်ကန်သည့် ဟောင်းနွမ်းသော အတွေးအခေါ် အပြုအမူ အကျင့်အကြံ များကို ဆေးကြောသန့်စင်ပြီး နှစ်သစ် တွင် လူသစ်စိတ်သစ်ဖြင့် မိမိအကျိုး၊ နိုင်ငံအကျိုးတို့ကို သယ်ပိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဖျော်ဖြေ

၁၃၆၄ ခုနှစ် မဟာသင်္ကြန် ရေသဘင်ပွဲတော် **တွင် လှပျိုဖြူလေးများက ယိမ်းအကဖြင့်ရန်ကုန်မြို့တော်ဝန် မဏ္ဍပ်၌ ဤသို့ မြူးမြူး ကြွကြွ ကပြ ဖျော်ဖြေခဲ့ကြသည်။**

ဓာတ်ပုံမှတ်တမ်း- တင်စိုး (မြန်မာ့အလင်း)

မြန်မာ့မူဟန် ဓလေ့ထုံးစံ ထိန်းပါစဉ်ဆက်အစဉ်အလာမပျက်

၁၃၆၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် အမေများအဖွဲ့ (ရုပ်ရှင်)က ရန်ကုန်မြို့တော်ဝန် မဏ္ဍပ်၌ ဤသို့ မြူးမြူး ကြွကြွ ဖျော်ဖြေခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

သတိပြုရန်

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်။

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူးစည်းကမ်းမဲ့ပြိုင်မမောင်းရ၊လုမမောင်းရ။
(ဂ) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်းလုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲမမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(ည) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ''သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်''

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့်ကစားက

၁။ လက်ဝယ်တွေ့သူ - ထောင် (၁)နှစ်
၂။ ကစားသူ - ထောင် (၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ - ထောင် (၅)နှစ် နှင့်ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန်တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့်အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သ တိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀ အထိ အတင်အချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ် ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။
၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ဝ၇း၀၀နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။
၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

1-4 (9).p65 1 3/25/05, 12:09 AM

သကြိန်တရားစခန်း

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲ(၃)ရပ်ကွက် မြစပယ်လမ်း ရန်ပြေအေးရွှေကျောင်းဓမ္မရိပ်သာကျောင်း တိုက်၏ ဦးစီးပဓာနနာယက ပရိတ်ချည်မျှင်ရေဆူဆရာတော်ဘဒ္ဒန္တအာဒိစ္စကိုယ်တိုင် ဧပြီ ၁၀ ရက်မှ ၁၈ ရက်အထိ ဝိပဿနာတရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ ရှင်ပြုရဟန်းခံ၊ သိက္ခာထပ်ကံဆင့်လိုသူများနှင့် တရား စခန်းဝင်လိုသူများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည်အကျိုး

မိုင်းဆတ် – တာချီလိတ်ခရီး

ချစ်နိုင် (စိတ်ပညာ)

ကျွန်တော်တို့အဖွဲ့သည် ရန်ကုန်မှ မတ်လ ၆ရက်နေ့ စတင်ထွက်ခွာခဲ့ကြသည်။ လေယာဉ်ဖြင့် မိုင်းဆတ်သို့ ဆိုက်ရောက်သည်။ ထိုနေ့မှာပင် မိုင်းဆတ်မှကားဖြင့် တောက်လျှောက်ခရီးဆက်ကြသည်။ မိုင်းတုံမြို့၌ ခေတ္တနားပြီး ပုံပါကျင်မြို့အထိရောက်ရှိကြသည်။ နယ်မြေဖွံ့ဖြိုးရေးနှင့်ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းဆောင်တာများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြပြီး မိုင်းတုံသို့ ပြန်လာကာ ညအိပ်ရပ်နားသည်။ ခရီးစဉ်၏ အကွာအဝေးကို တိုင်းတာပါက ထိုတစ်ရက်အတွင်း၌ပင် မိုင်ပေါင်း တစ်ထောင်ကျော်လေသည်။ လေယာဉ်ပျံဖြင့် အလျားမိုင် ၈၅၀ ကျော်ခရီး၊ ကားနှင့်မိုင် ၁၅၀ကျော်ခရီး။ တောကြီးတောင်ကြီးတွေကို အရှိန်အဟုန်ပြင်းစွာ ဖြတ်သန်းပြီး ပင်ပင်ပန်းပန်း ထမ်းဆောင်ခဲ့ကြခြင်းဖြစ်၏။

ဒုတိယနေ့မှာ မိုင်းတုံမှ မိုင်းဆတ်၊ မိုင်းဆတ်မှ မိုင်းခုတ်၊ မိုင်းခုတ်မှ မိုင်းဆတ်သို့ ပြန်ဝင်ပြီး ညအိပ်အခြေပြုသည်။ ထိုနေ့သည်လည်း ခရီးကြမ်းတောင်တက် တောင်ဆင်းတွေကို သွားခဲ့ခြင်းပင်ဖြစ်၏။ လမ်းမှာ ကားဘီးနှစ်ကြိမ်ပေါက်၍ ဘီးလဲ ကြရသေး၏။ ရောက်ခဲ့သော မြို့ရွာများမှာ မိမိတို့ ပြန်ကြားရေးလုပ်ငန်းများ ထိရောက်အောင်၊ စနစ်တကျ တွင်ကျယ်အောင် ကြိုးစားဖြည့်ဆည်းခဲ့ကြ၏။

ကျွန်တော်တို့ဆိုသည်ကား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ခေါင်းဆောင်သော ပြန်ကြားရေးအဖွဲ့ဝင်ငါးဦးဖြစ်၏။ မြန်မာ့ရုပ်သံက နှစ်ဦးပါသည်။ ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်အောင်နှင့် ကင်မရာဆရာ ဦးကျော်လွင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်ကြီး ရာခန့်၊ ဓာတ်ပုံကျွမ်းကျင် ဦးမိုးမင်းလှိုင်နှင့်စာရေးသူတို့ဖြစ်၏။

တတိယနေ့တွင် မိုင်းဆတ်မြို့ရှိ ထပ်ဆင့်လွှင့်စက်ရုံနှင့် ပြန်ကြားရေး စာကြည့်တိုက်ကို စစ်ဆေးကြည့်ရှုကြသည်။ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးအားပေးသည်။ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။ ထို့နောက် မိုင်းဆတ်မှတာချီလိတ်သို့မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြသည်။ မြေပုံမှာ ဖော်ပြထားသော မိုင်းဆတ်မှ မိုင်းဖြတ်၊ မိုင်းဖြတ်မှတာချီလိတ် ကားလမ်းအတိုင်း မဟုတ်ပါ။ အသစ်ဖောက်လုပ်ထားသော တာချီလိတ်–မိုင်းဆတ်မြေလမ်းအသစ်၊ မိုင်းတွန်းကို ဖြတ်ပြီး ခရီးတိုအောင် (မိုင်းဖြတ်ဘက်သို့ မရောက်တော့ဘဲ) ဖောက်လုပ်ထားသည့် လမ်းအတိုင်းချီတက်ခဲ့ကြ သည်။ မနားတမ်း တောက်လျှောက်မောင်းလျှင် သုံးနာရီခွဲကြာမည်။ လမ်းမှာ နားသင့်သည့် နေရာနား၊ ရပ်သင့်သည်နေရာရပ်၊ မှန်မှန်မောင်းနှင်ကြတော့ လေးနာရီခန့်ကြာလေသည်။ တောင်တက်တောင်ဆင်းလမ်းများရှိသော်လည်း အချို့နေရာတွင် လမ်းတော်တော်ကျယ်ပြီး လမ်းဘေးရေမြောင်းများကို အင်္ဂတေကိုင်ပြီး စနစ်တကျပြုလုပ်ထားကြသည်။ ရေရှည် ခိုင်ခံ့မည့်လမ်းဖြစ်ပေသည်။ တောင်စောင်း တောင်ထိပ်မှကြည့်သော် လိုက်ချီးပင်များ၊ လိမ္မော်ပင်များ ဧကပေါင်းများစွာ စိုက်ပျိုးထားသည်ကို တစ်မျှော်တစ်ခေါ် မြင်ကွင်းတစ်ဆုံးရှုမြင်ရသည်။

မိုးကုတ်စက်ဝိုင်းအထိ ကျယ်ပြောသော စိုက်ခင်းများကို ကြည့်ပြီး အားရပီတိဖြစ်မိသည်။ လယ်ကွင်းများကို ဖြတ်သန်းပြီး နမ့်မယ်ဆိုင်ချောင်းဘေးအတိုင်း မြေပြန့်ကို မောင်းနှင်ခဲ့ရသည်လည်းရှိ၏။ အတက်အဆင်းများသည့်နေရာ တွေရှိသကဲ့သို့ ညီညာပြန့်ပြူးသောနေရာတွေလည်း ရှိလေသည်။

ကျယ်ဝန်းသော လယ်ကွင်းပြင်ကြီးတွေမှာ ရိုးပြတ်တောအဖြစ်တွေ့ရသည်။ အချို့နေရာတွင်မူ ကြက်သွန်ဖြူ၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ ကြံ၊ ငှက်ပျောစသည်တို့ စိုက်ပျိုးထားကြသည်။ မြေသြဇာကောင်းသော လွင်ပြင်ကြီးမှာ ရေရသော နေရာတွေ၌ နွေစပါးစိုက်ပျိုးထားပြီး မြစိမ်းကမ္ဗလာလွှမ်းခြုံထားသည်လည်း မြင်ရသည်။ မိုင်ခြောက်ဆယ်၊ ခုနစ်ဆယ်တွင် ရှုခင်းအဖုံဖုံ။

မြေလမ်းသာဖြစ်သဖြင့် ဖုန်ကတော့ထူ၏။ ခရီးပင်ကြမ်းသော်လည်း ကျွန်တော်တို့သည် ရွှင်လန်းတက်ကြွစွာဖြင့် လုပ်ငန်းတာဝန်များကို ထိရောက်အောင် လုပ်ဆောင်ကြသည်။ ရောက်ခဲ ပေါက်ခဲသော အစွန်အဖျားနေရာများ မဟုတ်ပါလား။ စွမ်းအားရှိသမျှ ဂရုစိုက်ရသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တာချီလိတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

နယ်စပ်ဒေသရှိ ကျေးရွာများပါ ဖွံ့ဖြိုးတိုးတက်ပါမှ မိမိတို့နိုင်ငံတစ်ခုလုံး တိုးတက်ရာရောက်မည်။ အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းနိုင်အောင် အဘက်ဘက်က မြှင့်တင်ထူထောင်ရပေလိမ့်မည်။ ဦးစွာပထမ ဖြည့်တင်းပေးကြရမည်ကား လူသားအရင်းအမြစ် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် အတွေးအခေါ် အမြော်အမြင်ဖြစ်လေသည်။ လျင်မြန်သော၊ ထက်မြက်သော မီဒီယာလက်နက်များကို ထိရောက်ကျွမ်းကျင်စွာ အသုံးချတတ်လျှင် ခုန်ပျံကျော်လွှားပြီး ခေတ်နောက်ကျ မကျန်ရစ်အောင် ဖွံ့ဖြိုးလာမည်ဖြစ်၏။ ထို့ကြောင့် မီဒီယာလုပ်ငန်းဆောင်တာများကို မိမိတို့သည် ထောင့်စေ့အောင် ကြိုးစားရွက်ဆောင်ကြ၏။

အေးချမ်းလုံခြုံမှု တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အသိပညာဗဟုသုတဖြန့်ဖြူးရေးတို့ကို ထက်ကြပ်မကွာ အားသွန်ခွန်စိုက်ထူထောင်လိုက်ကြသည်။ နယ်စပ်မြို့ရွာများရှိ ဌာနဆိုင်ရာဝန်ထမ်းများ၏ တက်ညီလက်ညီထမ်းဆောင်နေကြပုံများမှာ အားတက်ဖွယ်ရာဖြစ်၏။ အရှိန်အဟုန်ကောင်းစွာ ရနေ၏။

တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့တို့သည် အပြိုင်အဆိုင် တိုးတက်ဖွံ့ဖြိုးနေကြ၏။ နိုင်ငံတကာအဆင့်မီ တာချီလိတ်လေယာဉ်ကွင်းကြီးသည် မိမိတို့ဘက်က အားသာချက်ဖြစ်၏။ ပညာရေး၊ ကျန်းမာရေးတို့မှာလည်း သူတစ်ပါးနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းနေကြ၏။

တာချီလိတ်မြို့သို့ ရောက်သောအခါ နိုင်ငံ့ခေါင်းဆောင်များကိုယ်တိုင် အုတ်မြစ်ချခြင်း၊ ဌာပနာသွင်းခြင်း၊ ထီးတော်တင်လှူခြင်းများပြုခဲ့သည့် တာချီလိတ်ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ တစ်ဖက်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များစွာသည် တာချီလိတ် ရွှေတိဂုံစေတီတော်အား အခါကြီးရက်ကြီးများသာမက နေ့စဉ်လိုလို လာရောက်ဖူးမြော်နေကြ၏။ သူတို့က ဆုတောင်းပြည့်သည်။ တန်ခိုးကြီးသည်ဟု ယုံကြည်ကြသည်။

တာချီလိတ်မြို့နယ်မှာ ထူးထူးခြားခြား အေးချမ်းသာယာပြီး ဖွံ့ဖြိုးစည်ကားလာသည်ကား ဆယ်စုနှစ်အတွင်း မျက်မြင်ထင်ရှားဖြစ်၏။ မြို့လယ်မှာ မဟာမုနိရုပ်ပွားတော်ဘုရားရှိသည်။ မြို့မြောက်ဘက် ကုန်းမြေမြင့်မှာ ရွှေတိဂုံစေတီတော်ရှိသည်။ မြို့တော်ရန်ကုန်မှာရှိသော ဘုရားနှင့် မန္တလေးမြို့မှာရှိသော ဘုရားတို့ တာချီလိတ်မြို့မှာ အတူတကွ စံပယ်တော်မူခြင်းကပင် တစ်ဖက်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များကို ဦးညွှတ်ကြည်ညိုချင်စရာ ဆွဲဆောင်မှုတစ်ရပ်ဖြစ်နေပြန်ပါသည်။ သာဓုခေါ်စရာပင် မဟုတ်ပါလား။

နဂါးနှစ်ကောင်ဆရာတော်ကြီးကိုလည်း အနီးအဝေးပတ်ဝန်းကျင်တို့မှ အထူးပင်ကြည်ညိုကြပေသည်။ ယခုနှစ်တွင် တာချီလိတ်မြို့နယ်မှ ဆရာတော်ကြီးနှစ်ပါး ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း ခံကြရသည်။ မြို့လူထုကလည်း ဝမ်းမြောက်ကြည်နူးကြသည်။ ရဟန်းသံဃာများကလည်း များစွာကျေနပ်အားရကြသည်။ ဤဆရာတော်ကြီးနှစ်ပါးသည် စာတတ်ပေတတ် ပုဂ္ဂိုလ်ကျော်များ ဖြစ်ကြသည့်အပြင် သီလဂုဏ်၊ ပညာဂုဏ်၊ သမာဓိဂုဏ်ဖြင့် ပြည့်စုံကြလေသည်။ နဂါးနှစ်ကောင်ဆရာတော်ကြီး အမှူးပြုပြီး ထိုဆရာတော်ကြီးနှစ်ပါးအား စေတနာရှင် အလှူ့ဒါယကာ၊ ဒါယိကာမတို့က ဂုဏ်ပူဇော်သဘင် ဆင်နွှဲနေကြသည်မှာ အားရပျော်ရွှင်စရာပေတည်း။

ရိုးရာအကအခုန်များ၊ လှူဒါန်းပွဲများအပြင် အကျွေးအမွေးကလည်း အလျှံပယ်ဖြစ်ပေသည်။ မြို့လယ် မဟာမုနိကျောင်းတော်ဝင်းအတွင်း၌ ကြက်ပျံမကျစည်ကားလှလေသည်။ ဆွမ်းကပ်လှူအပြီး မိမိတို့လည်း ဝင်ရောက်ကာ နေ့လယ်စာ စားခဲ့ကြသေးသည်။ ရတနာသုံးပါးကို ကြည်ညိုပူဇော်ကြသည့်နေရာ၌ တာချီလိတ်မြို့သူမြို့သားများသည် အလွန်လေးစားအားကျလောက်သူများဖြစ်ပေသည်။

လှူဒါန်း၍ ချမ်းသာ၊ ချမ်းသာ၍ လှူဒါန်း၊ ပေး၍မကုန်၊ လှူ၍မခန်း၊ ထမင်းရေချောင်းစီးအလှူကြီး လှူနေကြပုံမှာ သာဓု အနုမောဒနာခေါ်စရာဖြစ်ပါသည်။ တာချီလိတ်မြို့သို့ ယခင်က လေးငါးခေါက်မက ရောက်ခဲ့ဖူးလှပြီ။ ယခုတစ်ခေါက်တွင်မူ ပြည်သူကြားသို့ ထဲထဲဝင်ဝင် ထိတွေ့လေ့လာနိုင်အောင် အခွင့်အရေးရခဲ့သည်ဟု ဆိုရမည်။ ခင်မင်စရာကောင်းသော ဒေသခံတိုင်းရင်းသားပြည်သူများပေတကား။ ။

မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်းဒေးရှင်းဥက္ကဋ္ဌ ငွေပဒေသာပင် ကျပ်သိန်း ၂၀၀ ထပ်မံစိုက်ထူလှူဒါန်း

ရန်ကုန် မတ် ၃၁

ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်းဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းသည် ကွယ်လွန်သူ တစ်ဦးတည်းသောသမီး ဒေါ်မြစန္ဒာထွန်းအားရည်စူး၍ ခုနစ်နှစ်ပြည့် အောက်မေ့ဖွယ် အထိမ်းအမှတ်အဖြစ် ငွေပဒေသာပင်စိုက်ထူ လှူဒါန်း ငွေကျပ် သိန်း ၅၀၀အနက် ငွေကျပ်သိန်း ၂၀၀ ကို ထပ်မံစိုက်ထူလှူဒါန်းသည်။ **(အောက်ပုံ)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းတို့၌ ကင်ဆာဝေဒနာရှင် ၇၀၀ ကျော်တို့အား ကုသိုလ်ဖြစ်ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ (က-ပ)

ကွင်းဆင်းစစ်ဆေး

မတ် ၇ရက်က ကျောက်တန်းမြို့ ဆင်ကန်ရပ်ကွက် အေးစေတီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကျောက်တန်းမြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကြည်တင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (က-ပ)

သကြိန်တွင်း ၁၀ ရက်အထူး တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အမှတ်(၂၁)ရပ်ကွက်မင်္ဂလာရာမ ပရိယတ္တိ စာသင်တိုက်တွင် မြောက်ဥက္ကလာ ရွှေဥမင်ဆရာတော်ကြီးအား ဦးထိပ်ထား၍ သကြိန်တွင်း ၁၀ ရက်အထူးတရားစခန်းပွဲကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်ပြီး ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တဂုဏစာရာလင်္ကာရက နိဗ္ဗာန်ရောက်ကြောင်း တရားဟောပြောပြသမည်ဖြစ်သည်။

တရားအားထုတ်လိုသူယောဂီများ၊ ဒုလ္လဘဝတ်လိုသူရဟန်းများနှင့် သီလရှင်ဝတ်လိုသူများသည် ဧပြီ ၅ ရက် ညနေ ၅ နာရီထက် နောက်မကျစေဘဲ နောက်ဆုံးထား စာရင်းပေးသွင်းကြရန်နှင့် စခန်းပတ်အတွင်း ယောဂီများအား အရုဏ်ဆွမ်း၊နေ့ဆွမ်း၊ အချိုပွဲ၊ အအေးဖျော်ရည်လှူဒါန်းလိုသော အလှူရှင်များသည် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၅၉၁၅၁၄ သို့ ဖြစ်စေ ဆက်သွယ် စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။**(က-ပ)**

● အင်္ဂပူမြို့နယ်မှ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ လမ်းညွှန်ချက်နှင့်အညီ ဧရာဝတီမြစ်အနောက်ဘက်ကမ်းဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေသယံဇာတ၊မြေသယံဇာတများကိုဖော်ထုတ်အသုံးပြုရန် စဉ်ဆက်မပြတ် စုံစမ်းလေ့လာခဲ့ရာ ကညင်ရေလှောင်တမံစီမံကိန်းမှာ တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် သင့်လျော်သော စီမံကိန်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။

စီမံကိန်းစတင်

အထူးစီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ ၂၀၀၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အမှတ်စဉ် (၂/၂၀၀၂)ကြိမ်မြောက် အစည်းအဝေးမှ ကညင်ရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိသည်။ ကညင်ရေလှောင်တမံ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၁၉၉၇ ခုနှစ်တွင် စူးစမ်းလေ့လာမှုများ စတင်ဆောင်ရွက်ခဲ့သည်။



ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ကညင်ရေလှောင်တမံစီမံကိန်း တည်နေရာပြမြေပုံကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

ကညင်ရေလှောင်တမံ စီမံကိန်းသည် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်အတွင်း၌ တည်ရှိ၍ ကညင်ရေလှောင်တမံ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်အတွင်းရှိ မြေဧရိယာဧက ၂၅၀၀၀ ခန့်ကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်၍ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုရန်ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ကညင်ရေလှောင်တမံစီမံကိန်းသည် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီး ကညင်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိရာ ရေဆင်းဧရိယာမှာ ၁၂၉ စတုရန်းမိုင်ရှိမည် ဖြစ်သည်။ ကညင်ချောင်းဒေသ အင်္ဂပူမြို့နယ်တွင် နှစ်စဉ်ပျမ်းမျှမိုးရွာသွန်းသောမိုးရေချိန်မှာ ၇၉ လက်မရှိသည်။

မြေသားတမံဆည်

မိုးရွာသွန်းမှု အားကောင်းသောဒေသဖြစ်သည့်အလျောက် နှစ်စဉ်ပျမ်းမျှစီးဝင်ရေဧကပေသည် ၂၇၃၀၀၀ ရှိကြောင်း လေ့လာရရှိပြီး အမြင့်ပေ ၁၉၄ ပေ၊ ပင်မတမံအလျားပေ ၃၇၅၀ နှင့် ကုန်းကျောတမံအလျားပေ ၂၈၅၀ ရှိသော မြေသားတမံကို တည်ဆောက်မည်ဖြစ်သည်။

ကညင်ရေလှောင်တမံတည်ဆောက်ပြီးစီးလျှင် ကန်ရေပြည့်ရေလှောင်ပမာဏဧကပေ ၁၄၈၀၀၀ သိုလှောင်မည်ဖြစ်ပြီး ကန်ရေသေ ရေလှောင်ပမာဏမှာလည်း ဧကပေ ၁၃၇၀၀ ရှိမည်ဖြစ်သည်။

တည်ဆောက်ရေး(၉)

ကညင်ရေလှောင်တမံသို့ မြန်မာ့အလင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်တွင် သွားရောက်လေ့လာကြရာ တည်ဆောက်ရေး(၉)မှ ဦးစီးအရာရှိ ဦးကိုကိုနိုင်က သိရှိလိုသမျှတို့ကို ရှင်းပြသည်။ ကညင်ရေလှောင်တမံကို မပြတွင် တည်ဆောက်နေသော တည်ဆောက်ရေး(၉)မှ တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်သည်။

ရေပိုလွှဲတည်ဆောက်

ကညင်ရေလှောင်တမံသည် မပြရေလှောင်တမံထက် ရေဆင်းဧရိယာ ပိုမိုများသည်။မိုးရွာသွန်းမှုမှာလည်း မပြရေလှောင်တမံထက် ပိုမိုများပြားသည်။

ရေအားလျှပ်စစ်ထုတ်နိုင်

ထို့အပြင် သံကူကွန်ကရစ် အမျိုးအစားအလျားပေ ၇၃၀ နှင့် ၄ ပေ–၆ ပေ နှစ်ပေါက်ရှိရေထုတ်ပြွန်ဖြင့် ဆည်ရေပေးမည်ဖြစ်သည့်အပြင် ရေထုတ်ပြွန်ပိုက်နှင့် တွဲဖက်ပြီး ရေအားလျှပ်စစ်ပိုက်ကိုလည်း တွဲဖက်တည်ဆောက်မည်ဖြစ်သည်။

တပ်မတော်က နိုင်ငံတော်ကို တာဝန်ယူခဲ့ပြီးနောက် ၁၉၈၈–၈၉ ခုနှစ်မှ စတင်၍ ၂၀၀၃–၀၄ ခုနှစ်အထိ ဆည်တမံပေါင်း ၁၅၈ ခုကိုတည်ဆောက်ခဲ့ပြီးဖြစ်သည်။ ယင်းသို့တည်ဆောက်ခဲ့ပြီးဖွင့်လှစ်ခဲ့ရာ၌ ၁၉၉၁–၉၂ခုနှစ်တွင် ဆည်မြောင်းတာတမံပေါင်း ရှစ်ခု ဖွင့်လှစ်ခဲ့ပြီး အကျိုးပြုဧက ၂၈၃၉၄ ဧကအကျိုးပြုခဲ့၍ ငွေကျပ်သန်းပေါင်း ၁၈၀ ကျော်ကို သုံးစွဲခဲ့သည်။

၁၉၉၂–၉၃ခုနှစ်တွင် ဆည်မြောင်းတာတမံခြောက်ခုကို တည်ဆောက်ဖွင့်လှစ်ပြီး အကျိုးပြုဧက ၅၂၂၅ဧကဆည်ရေပေးနိုင်ခဲ့၍ နိုင်ငံတော်မှငွေကျပ်သန်းပေါင်း၁၁၀ကျော်သုံးစွဲခဲ့သည်။ ၁၉၉၃–၉၄ခုနှစ်တွင် ဆည်မြောင်းတာတမံကိုးခုဖွင့်လှစ်ခဲ့ပြီး အကျိုးပြုဧက၁၄၅၉၀၀ကို ဆည်ရေပေးဝေနိုင်ရန် နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၅၂၀ ကျော် သုံးစွဲခဲ့သည်။

၁၉၉၄–၉၅ခုနှစ်တွင် ဆည်မြောင်းတာတမံ၁၆ခုကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး အကျိုးပြုဧက၉၃၅၇၀ အကျိုးပြုနိုင်ခဲ့၍ နိုင်ငံတော်မှငွေကျပ်သန်းပေါင်း ၁၄၀၀ ကျော် သုံးစွဲခဲ့သည်။ အလားတူပင် ၁၉၉၅–၉၆ခုနှစ်တွင် ဆည်မြောင်းတာတမံ ၁၆ ခုကို ဖွင့်လှစ်ခဲ့ပြီး အကျိုးပြုဧက ၂၇၁၁၀၀ ကို ဆည်ရေပေးခဲ့၍ ငွေကျပ်သန်းပေါင်း ၄၄၀၀ ကျော် သုံးစွဲခဲ့သည်။

၁၉၉၆–၉၇ ခုနှစ်တွင် ဆည်မြောင်းတာတမံ ၁၂ ခု တည်ဆောက်ဖွင့်လှစ်ခဲ့ရာ အကျိုးပြုဧက ၂၀၇၇၅၃ ဧက အကျိုးပြုခဲ့၍ ငွေကျပ်သန်းပေါင်း ၃၅၀၀ ကျော် သုံးစွဲခဲ့သည်။ ၁၉၉၇–၉၈ ခုနှစ်တွင် ဆည်မြောင်းတာတမံကိုးခု ဖွင့်လှစ်ခဲ့ကာ အကျိုးပြုဧက ၁၄၉၂၉၄ ဧကအား အကျိုးပြုခဲ့၍ ငွေကျပ်သန်းပေါင်း ၂၇၀၀ ကျော် သုံးစွဲခဲ့သည်။

၁၉၉၈–၉၉ ခုနှစ်တွင် ဆည်မြောင်းတာတမံ ကိုးခုတည်ဆောက်ဖွင့်လှစ်ခဲ့၍ အကျိုးပြုဧက ၁၂၀၇၄၃ ဧကကို အကျိုးပြု၍ နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၄၉၀၀ ကျော်သုံးစွဲခဲ့သည်။

၁၉၉၉–၂၀၀၀ ပြည့်နှစ်တွင် ဆည်မြောင်း တာတမံ ၁၂ ခု တည်ဆောက်ခဲ့၍ အကျိုးပြုဧက ၈၇၈၀၀ အကျိုးပြုခဲ့၍ ငွေကျပ်သန်းပေါင်း ၃၄၀၀ ကျော် သုံးစွဲခဲ့သည်။

၂၀၀၀–၂၀၀၁ ခုနှစ်တွင် ဆည်မြောင်းတာတမံပေါင်း ၁၂ခု တည်ဆောက် ဖွင့်လှစ်ခဲ့၍ အကျိုးပြုဧက ၁၃၁၇၅၀ ကို ဆည်ရေပေးနိုင်ခဲ့ပြီး နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၆၀၀၀ ကျော် သုံးစွဲခဲ့သည်။ ၂၀၀၁–၂၀၀၂ ခုနှစ် တွင် ဆည်မြောင်းတာတမံပေါင်း ၁၃ ခု ဖွင့်လှစ်ခဲ့၍ အကျိုးပြုဧက ၂၃၃၇၁၉ ဧက ဆည်ရေပေးနိုင်ခဲ့ပြီး နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၂၄၀၀၀ ကျော်သုံးစွဲခဲ့သည်။

စိုက်ဧက ၂၁ သိန်းကျော်အကျိုးပြု

၂၀၀၂–၂၀၀၃ ခုနှစ်တွင် ဆည်မြောင်းတာတမံပေါင်း ၁၂ခုကို ဖွင့်လှစ်ခဲ့ပြီး အကျိုးပြုဧက ၁၆၁၂၀၀ ကိုအကျိုးပြုခဲ့၍ နိုင်ငံတော်မှငွေကျပ်သန်းပေါင်း ၆၁၀၀ ကျော် သုံးစွဲခဲ့သည်။ ၂၀၀၃–၂၀၀၄ ခုနှစ်တွင် ဆည်မြောင်းတာတမံပေါင်း ၁၄ ခုဖွင့်လှစ်နိုင်ခဲ့ပြီး အကျိုးပြုဧက ၅၇၆၀၀ အကျိုးပြုခဲ့၍ နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၈၈၀၀ ကျော် သုံးစွဲခဲ့သည်။ တပ်မတော်က တာဝန်ယူခဲ့သောနှစ်အတွင်း ဆည်မြောင်းတာတမံပေါင်း ၁၅၈ ခုအတွက် နိုင်ငံတော် ဘဏ္ဍာငွေ သန်းပေါင်း ၆၈၀၀၀ ကျော် သုံးစွဲခဲ့ပြီး စိုက်ပျိုးမြေဧက ၂၁ သိန်းကျော် အကျိုးပြုလျက်ရှိပြီဖြစ်သည်။ ။

(မြန်မာ့အလင်း)

အလိုတော်ပြည့်ကျောင်းတိုက် နွေရာသီဓမ္မာစရိယသင်တန်းပို့ချမည်

ရန်ကုန် မတ် ၃၁

ရန်ကုန်မြို့ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် နာယကချုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဝါကျဉ်ယျာဉ်ကျမ်းပြုဆရာတော်ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် ဆဋ္ဌမအကြိမ် နွေရာသီဓမ္မာစရိယသင်တန်းကို တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိ ဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ၁၃၆၆ ခု ကဆုန်လဆန်း ၆ ရက် (ဧပြီ ၂၄ ရက်) စနေနေ့မှစ၍ တစ်လတိတိ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

နေ့စဉ် မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ တစ်ကြိမ်၊ ညနေ ၂ နာရီခွဲမှ ၃ နာရီခွဲအထိ တစ်ကြိမ် နှစ်ကြိမ်စီ ပို့ချသွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုကြသော ရဟန်းသာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ်များအားလုံး အဆိုပါကျောင်းတိုက်၌ ကြိုတင်စာရင်းပေးသွင်းကြပြီး သင်တန်းဖွင့်လှစ်မည့် ဧပြီ ၂၄ ရက် နံနက် ၈ နာရီအရောက် ကြွရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

တပ်မတော်နေ့ စာပေအနုပညာပြပွဲ ဆက်လက်ပြသ

ရန်ကုန် မတ် ၃၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်စာပေအနုပညာပြိုင်ပွဲ ပြပွဲကျင်းပရေးကော်မတီက (၅၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြပွဲကို ရန်ကုန်မြို့ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ပြသလျက်ရှိရာ အဆိုပါ ပြပွဲသို့ ရဟန်းရှင်လူပြည်သူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၇၀ ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ ကျင်းပလျက်ရှိသော စာပေအနုပညာပြပွဲဆိုင်ရာဉာဏ်စမ်းမေးခွန်းဖြေဆိုပွဲကိုလည်း နေ့စဉ်ကျင်းပပေးပြီး ဆုရရှိသူများအား ပြိုင်ပွဲပြီးလျှင်ပြီးချင်း ဆုငွေများကို ချီးမြှင့်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ဆက်လက်ပြသ

ရန်ကုန် မတ် ၃၁

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ယနေ့ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ဖွင့်လှစ်ပြသသည်။ ယင်းပြပွဲတွင် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်ခန်းမရှိ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌ ဗဟုသုတဉာဏ်စမ်းမေးခွန်းလွှာဖြေဆိုမှုပြိုင်ပွဲကို နေ့စဉ်မွန်းတည့် ၁၂ နာရီတွင် ကျင်းပပေးရာ စိတ်ပါဝင်စားသူများ ဝင်ရောက်ဖြေဆိုကြပြီး ဆုရရှိသူများအား နေ့စဉ်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ပြပွဲသို့ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၀၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မတ် ၂၅ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၃–၂၀၀၄ ပညာသင်နှစ် အခြေခံပညာအထက်တန်းအဆင့် ပညာသင်ယူ ပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကလေးက ကျောင်းသားတစ်ဦးအား သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။

(က–ပ)

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့စည်းဝေး

ရန်ကုန် မတ် ၃၁

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးအဖွဲ့အစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၈ ရက် မှ ၁၉ ရက်အထိ ၁၀ ရက်ကြာ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးသို့ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ဝင်ပညာရှင်ကြီးများဖြစ်ကြသော ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တသဒ္ဒိယ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ အတွင်းရေးမှူး ဒေါက်တာဖေဉာဏ်၊အဖွဲ့ဝင်များ ဖြစ်ကြသော မန္တလေးမြို့မှ ဆရာကြီးဦးသန်းညွန့်၊ ရန်ကုန်မြို့မှ ဆရာတော်ဦးပညိန္ဒ၊ ဆရာကြီးဦးမောင်မောင်၊ ဆရာကြီးဦးကျော်၊ ရခိုင်ပြည်နယ်မှ ဆရာကြီးဦးအောင်ချစ်နှင့် မုံရွာမြို့မှ ဆရာကြီးဦးပြေငြိမ်းတို့ တက်ရောက်ကြသည်။ အဆိုပါ အစည်းအဝေးသို့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့်နည်းပညာဆိုင်ရာ သရုပ်ပြရှင်းလင်း

ရန်ကုန် မတ် ၃၁

Trinity Systems & Supplies Pte.,Ltd. Singapore နှင့် Panasonic Singapore တို့ပူးပေါင်းစီစဉ်ကျင်းပသည့် Panasonic Professional Video Systems Road Show 2004 အဆင့်မြင့် နည်းပညာဆိုင်ရာ သရုပ်ပြရှင်းလင်းပွဲကို ယနေ့ နံနက် ၉နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Trinity Systems & Supplies Pte. Ltd. ဌာနေ ကိုယ်စားလှယ် ဦးစိုးစိုးက အဆင့်မြင့်နည်းပညာဆိုင်ရာ သရုပ်ပြရှင်းလင်းပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် Panasonic Singapore မှ အဆင့်မြင့်နည်းပညာအမှုဆောင် မန်နေဂျာ ဦးခင်မောင်ဝင်းက Panasonic မှ အဆင့်မြင့်နည်းပညာသစ်များဖြင့် ထုတ်လုပ်ထားသည့် DV, DVCPRO 50 နှင့် HD Cinema မြင်ကွင်းကျယ် Varicam ရိုက်ကူးစက်များ၏ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ကို လည်းကောင်း Varicam H.D ကင်မရာကိုအသုံးပြု၍ အာရှနိုင်ငံများတွင် ရိုက်ကူးထုတ်လုပ်ပြသသည့် ရုပ်ရှင်ဇာတ်ကားများနှင့်ကြော်ငြာဇာတ်လမ်းများ၏ ထူးခြားကောင်းမွန်မှုများကို လည်းကောင်း၊ Panasonic Singapore မှ အဆင့်မြင့်နည်းပညာအမှုဆောင် မန်နေဂျာ ဦးခင်မောင်ဝင်းက Varicam ကင်မရာဖြင့် လက်တွေ့ရိုက်ကူးမှု၊ ကိုယ်တိုင်တည်းဖြတ်မှု (Editing Operation) နည်းပညာများကိုလည်းကောင်း၊ကွန်ပျူတာဖြင့် ဒီဇိုင်းရေးဆွဲသည့်နည်းပညာ (Computer Graphic)ကို အဓိကကျသည့် လုပ်ငန်းများဖြစ်သည့် ရုပ်ရှင်ကြော်ငြာ ရိုက်ကူးထုတ်လုပ်ရာတွင် အသုံးပြုမှုများကို လည်းကောင်း၊ သရုပ်ပြရှင်းလင်းကြပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြကာ ညနေပိုင်းတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ဆတ်သရိုးချောင်းကူးတံတား၊အထူးဇုန်(၂)ရှင်းလင်းဆောင်သစ်နှင့် သံကူကွန်ကရစ် ရှုရပ်မျှော်စင်သစ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေတက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၃၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီး ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်အတွင်း ဆတ်သရိုးချောင်းကူးတံတားဖွင့်ပွဲ အထူးဇုန်(၂)ရှင်းလင်းဆောင်သစ်နှင့် သံကူကွန်ကရစ် ရှုရပ်မျှော်စင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါ နေရာများ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်ရှိ ဆတ်သရိုးချောင်းကူး ကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၁ နာရီက အဆိုပါ တံတားထိပ်မုခ်ဦးရှေ့၌ ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

ဖွင့်လှစ်ပေး

ဆက်လက်၍ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်(၂)ရှင်းလင်းဆောင်သစ်နှင့် သံကူကွန်ကရစ် ရှုရပ်မျှော်စင်သစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိန်၊ ရန်ကုန် မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် Naing Group Construction Co., Ltd. ဥက္ကဋ္ဌ ဦးကျော်နိုင်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အထူးဇုန်(၂)ရှင်းလင်းဆောင်သစ်နှင့် သံကူကွန်ကရစ်ရှုရပ်မျှော်စင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ အထူးဇုန်(၂) ရှင်းလင်းဆောင်သစ်၌ ဖွင့်ပွဲအခမ်း အနားကို ဆက်လက်ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန် တိုင်းဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ် လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်ကြီးကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန် မြို့နေ ပြည်သူများ စားသုံးရန် လိုအပ်လျက်ရှိသည့် ဟင်းသီးဟင်းရွက်နှင့်သားငါးများကို အခြားပြည်နယ်နှင့်တိုင်းများအား မှီခိုအားထားစရာမလိုဘဲ လုံလုံလောက်လောက် စားသုံးနိုင်ရန်ရည်ရွယ်၍ တည်ထောင်ခဲ့မှုအခြေအနေ၊ အထူးဇုန်ကြီးအောင်မြင်ဖြစ်ထွန်းစေရေးအတွက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့်အထူးဇုန်ကြီးကြပ်မှု ကော်မတီကို ဖွဲ့စည်းပြီး ဇုန်သုံးဇုန်ခွဲ၍ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း ဟင်းသီး ဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးက ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်ကြီးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

လှူပြောင်းပေးအပ်

ထို့နောက် Naing Group construction Co., Ltd. ဥက္ကဋ္ဌ ဦးကျော်နိုင်ဦးက ရှင်းလင်းဆောင်သစ်နှင့် သံကူကွန်ကရစ်ရှုရပ်မျှော်စင်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ရန်ကုန်တိုင်းဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် Naing Group construction Co., Ltd. ဥက္ကဋ္ဌဦးကျော်နိုင်ဦးက အထူးဇုန်(၂) ရှင်းလင်းဆောင်သစ်နှင့် သံကူကွန်ကရစ်ရှုရပ်မျှော်စင်သစ် ဆောက်လုပ်ခြင်းအတွက် အလှူငွေ ကျပ် ၂၉၇ သိန်းကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေနှင့် အဖွဲ့သည် ထန်းတပင် မြို့နယ် ဘောလယ်ကျွန်းသို့ ရောက်ရှိပြီး ကျွဲကူးကျေးရွာအနီး၌ ကြို့ကုန်းလျှပ်စစ် မြစ်ရေတင်မှ စိုက်ပျိုးရေဖြင့် တစ်မိုးနှစ်သီးစပါး စိုက်ပျိုးနိုင်ရန် ပထမစပါး ထွန်ယက်ကျဲပက်စိုက်ပျိုးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေနှင့် အဖွဲ့သည် တိုက်ကြီး မြို့နယ်၌ (၅၉)နှစ်မြောက် တပ်မတော် နေ့ကို ဂုဏ်ပြုသောအားဖြင့် တော်လတီ–ကလော့သော့ (တိုင်းချင်းဆက်) လမ်းနှင့်တံတားများ ဖွင့်ပွဲအခမ်းအနား သို့ ရောက်ရှိလာသည်။

ထို့နောက် တိုက်ကြီးမြို့နယ် တော်လတီ–ကလော့သော့(တိုင်းချင်း ဆက်) ဂဝံလမ်းနှင့် တံတားများဖွင့်ပွဲ အခမ်းအနားကို ယင်းလမ်းပေါ်ရှိ မုခ်ဦးအနီး ယာယီမဏ္ဍပ်၌ ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက နိုင်ငံတော်အတွင်း ကျေးလက်နှင့်မြို့ပြ ကွာဟမှုနည်းနိုင်သမျှနည်းအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် တိုက်ကြီးတပ်နယ်မှ ဗိုလ်မှူးချုပ်ထိန်ဝင်းတို့က တော်လတီ–ကလော့သော့ (တိုင်းချင်းဆက်) ဂဝံလမ်းသစ်နှင့် ယင်းလမ်းပေါ်ရှိ တံတားများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် အဖွဲ့သည် တော်လတီ–ကလော့သော့ ဂဝံ လမ်းသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်သည့် တော်လတီ–ကလော့သော့လမ်းသည် အရှည်ကိုးမိုင်လေးဖာလုံရှိကာ အကျယ်၁၂ပေရှိသည်။

(သတင်းစဉ်)

ပုသိမ်တံတားတည်ဆောက်ရေး လုပ်ငန်းခွင် ဝန်ကြီးဗိုလ်ချုပ်စောထွန်းကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မတ် ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် မတ်၂၉ရက်က ပုသိမ်တံတားတည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ ပုသိမ်တံတားတည်ဆောက်ရေးရှင်းလင်းဆောင်၌ တံတားစီမံကိန်း အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းက ပုသိမ်တံတားအခြေခံ အုတ်မြစ်ဘိုးပိုင်တူးခြင်းလုပ်ငန်း ပုသိမ်ဘက်ကမ်းနှင့် ကမ်းနီဘက်ကမ်းနှစ်ဖက်စလုံး ပြီးစီးပြီဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဘိုးပိုင်ထိပ် အုပ်လောင်းခြင်းလုပ်ငန်းသည် ပုသိမ် ဘက်ကမ်းတွင် ကမ်းကပ်ခုံနှင့် တာဝါတိုင် ထိပ်အုပ်လုပ်ငန်းပြီးစီးပြီး တံတားတိုင်ရှစ်တိုင်ရှိသည့်အနက် ခုနစ်တိုင်ထိပ်အုပ်လောင်းပြီး ကြိုးထိန်းနှင့် ကျန်တိုင်တစ်တိုင်ထိပ်အုပ်လောင်းရန်ကျန်သည်။ ကမ်းနီဘက်ကမ်းတွင် ကမ်းကပ်ခုံနှင့် တံတားတိုင်လေးတိုင် ထိပ်အုပ်လောင်းပြီးဖြစ်သည်။ တိုင်ကိုယ်ထည်ပိုင်းအနေနှင့် ပုသိမ်ဘက်ကမ်းတွင် ခုနစ်တိုင်ဆောင်ရွက်ပြီး ကမ်းနီဘက်ကမ်းတွင် သုံးတိုင် ဆောင်ရွက်ပြီး ဖြစ်သည်။

ဝန်ကြီးက တစ်ပြိုင်တည်းလုပ်ငန်းဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို အဖွဲ့ငယ်များအလိုက် တာဝန်ပေးပြီး အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်သွားရန် လုပ်ငန်းခွင်တွင်လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားပြီး လိုအပ်သည့် စက်ယန္တရားများကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ပုသိမ်တံတားသည် ပုသိမ်မြစ်ကိုဖြတ်၍ ချောင်းသာ–သာပေါင်းနှင့် ငွေဆောင်သို့ သွားနိုင်သည့် လမ်းကြောင်းပေါ်တွင် တည်ရှိသည်။ ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်–ပုသိမ်လမ်း၊ ပုသိမ်နှင့်ကံကလေးကြားလမ်းတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည့် လမ်းအထူးအဖွဲ့(၁၆)နှင့် ပုသိမ်ခရိုင်တို့မှ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုသည်။ ထိုမှတစ်ဆင့် မိုင်၈၀/၀မှ၄၃/၀ ကျိန်ပင်ဆည်အထိ လမ်းအထူးအဖွဲ့(၄)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန် စံညွှန်းအတိုင်း မိုးမကျမီအချိန်မီပြီးစီးရေး အတွက် ကြိုးစားဆောင်ရွက်ကြရန်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိပ်မက်ပန်းချီပြပွဲ ခင်းကျင်းပြသလျက်ရှိ

ရန်ကုန် မတ် ၃၁

ချန်ပီယံပေါ်ဆန်းမွေး ကိုမြင့်သိန်း (ခ)ကွီးနှင့် ပန်းချီဆရာမသီတာ ဇနီးမောင်နှံ ဒုတိယ အကြိမ်မြောက် အိပ်မက်ပန်းချီပြပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ လောကနတ်အလှပညာခန်းမတွင် မတ် ၂၆ ရက် မှ ဧပြီ ၁၀ရက် အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲတွင်အဆိုပါဇနီးမောင်နှံတို့၏ အခရိုက်လစ် ပန်းချီကား ၂၅ ကား ပြသထားသည်။ ပန်းချီကား အများစုမှာ မိဘတို့၏ မေတ္တာကို သရုပ်ဖော် ရေးဆွဲထားပြီး ကျန်ပန်းချီကားများမှာ ဘဝသရုပ်ဖော် ပန်းချီကားများဖြစ်သည်။ စိတ်ပါဝင်စားသူတိုင်း အခမဲ့ လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။ (က–ပ)

ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ပေါ်တော်မူကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၃၃)တွင် ကမ္ဘဋ္ဌာနာစရိယ သာသနာပြုနယ်လှည့် ဓမ္မကထိက အရှင်ဣန္ဒာစရိယ (မြွှာစရိယ)သည် တရားစခန်းဝင်ယောဂီများအား ဧပြီ ၁၁ရက်မှ ၁၇ ရက်အထိ ပဋိစ္စသမုပ္ပါဒ် တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။

တရားစခန်းဝင်ယောဂီများသည် ကြို့ကုန်းအနောက် ခဝဲခြံ (၂)လမ်း မိုးကုတ်အဖွဲ့ခွဲ (၁၃၃) ပေါ်တော်မူကျောင်းတိုက်သို့ ဧပြီ၁၀ ရက် ညနေ ၅နာရီခွဲတွင် မိမိတို့ အသုံးအဆောင်ပစ္စည်းများနှင့်အတူ ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

မတ် ၂၆ရက်က ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အထက်တန်းအဆင့် သင်ယူ ပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို ရှေ့ဆောင် ခန်းမ တွင် ကျင်းပရာ ဒသမတန်းမှ မစုစုသီရိနိုင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ချို ချိုက သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။

(က–ပ)

ရေနံချောင်းဒေသကောလိပ် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၃၁

၁၉၇၆ မှ ၁၉၈၂ ရေနံချောင်းဒေသ ကောလိပ်ကျောင်းသားကျောင်းသူဟောင်းများက စုပေါင်း၍ ဆရာဆရာမဟောင်းများအား တတိယ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ၂၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန် တက္ကသိုလ်များ ဓမ္မာရုံတွင်ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးဇော်မျိုးအောင် ဖုန်း–၀၉–၈၀–၃၃၈၃၂၊ ဦးအောင်မျိုး ဖုန်း– ၀၉–၈၀–၂၁၇၃၀၊ ဦးငွေဝင်း ဖုန်း–၅၁၂၂၀၂၊ ဦးမျိုးသက် ဖုန်း– ၅၉၁၁၉၉၊ ဒေါ်မြင့်မြင့်ငွေ ဖုန်း– ၅၇၀၄၂၃ နှင့် ဒေါ်ခင်မို့မို့ ဖုန်း–၆၄၂၂၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ပေးအပ်

မတ် ၃၀ ရက်က ဗိုလ်တထောင် မြို့နယ် အထက်တန်းကျောင်း (ခွဲ)အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း ပညာသင်ယူပြီးမြောက် ခြင်း လက်မှတ် ချီးမြှင့်ပွဲ အခမ်းအနားတွင် ကျောင်းအုပ် ဆရာမကြီး ဒေါ်စောယုခင်က အထက်တန်းဆင့် သင်ယူ ပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က–ပ)

တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၃၁

ကြည့်မြင်တိုင်မြို့နယ် ဘောဂ ရပ်ကွက်ရှိ ပန်းတဉ်းတန်းအရဏ်တော်ဝတ်အသင်း ဓမ္မာရုံကြီးတွင် ဧပြီ ၁၂ရက်မှ ၁၇ ရက်အထိခြောက်ရက်အထူးတရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ စမ်းချောင်းမြို့နယ် အရှေ့ဥယျာဉ်တိုက် မဏိရတနာ ကျောင်းမှ ဦးပညာဇောတနှင့် ဦးသုဇာတတို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း ပဋိစ္စသမုပ္ပာဒ်သစ္စာ တရားတော်များ ဟောကြားမည်ဟုသိရသည်။ **(က-ပ)**

(၅၉)နှစ်မြောက်တပ်မတော်နေ့ပြပွဲ တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၄ မှ ၄-၄-၂၀၀၄)

(မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။)

အဆင့်မြင့်တန်းတက်သည့်လယ်ယာထွက်ကုန်ဘောလုံးအသင်းနှင့် လူငယ်လက်ရွေးစင်နှစ်ဦးအားဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃၁

အဆင့်မြင့်တန်းသို့တက်ရောက်သွားသော လယ်ယာထွက်ကုန်ဘောလုံးအသင်းနှင့် ဘင်းမ်စတက် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲချန်ပီယံ မြန်မာလူငယ်အသင်း၌ ပါဝင်ခဲ့ကြသော စီးပွား/ကူးသန်း ဘောလုံးအသင်းမှ အားကစားသမားနှစ်ဦးတို့အား ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို မတ် ၂၆ ရက် ည ၇ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး အပေါ်ဆုံးထပ်ရှိ ညီလာခံခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အမှုဆောင်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အလှူရှင်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွား/ကူးသန်း (က)အသင်း၊ လယ်ယာထွက်ကုန် အသင်းနှင့် စီးပွား/ကူးသန်း(ခ) အသင်းတို့မှ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မိတ်ဆက်ပေး

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ဂုဏ်ပြု အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က ဂုဏ်ပြုပွဲနှင့် ပက်သက်၍ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဘင်းမ်စတက်ချန်ပီယံ မြန်မာလူငယ်အသင်းမှမျိုးမင်းထွန်းနှင့်ဘိုဘိုအောင်၊လယ်ယာထွက်ကုန်အသင်းမှနည်းပြနှင့် အားကစားသမားများအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံက ဘင်းမ်စတက်ချန်ပီယံမြန်မာလူငယ်အသင်းမှအားကစားသမားနှစ်ဦးနှင့်လယ်ယာထွက်ကုန်အသင်းမှနည်းပြနှင့် အားကစားသမားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာ့လယ်ယာထွက် ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင် ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က လယ်ယာထွက်ကုန်အသင်းမှ နည်းပြနှင့်အားကစားသမားများအား ရာထူးတိုးမြှင့်ခန့်အပ်လွှာများပေးအပ်ရာ လက်ထောက်အုပ်ချုပ်သူ ဦးမြင့်သိန်းက လက်ခံရယူသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် ဂုဏ်ပြုခံအားကစားသမားများကိုယ်စား ဘင်းမ်စတက်ချန်ပီယံ မြန်မာလူငယ်အသင်းမှ မျိုးမင်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများအား ညစာဖြင့်တည်ခင်းဧည့်ခံပြီး တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်သည်။ **(မြန်မာ့အလင်း)**

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ ပြည်ထဲရေး(က)၊ရိုးရိုးလေးအသင်းနှင့်လယ်ယာ/ ဆည်မြောင်း(က)အသင်းတို့ဗိုလ်စွဲ

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ်(၁၁)ကြိမ်မြောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားရုံတွင် ယနေ့နောက်ဆုံးနေ့အဖြစ်ကျင်းပရာ အမျိုးသမီးအလွတ်တန်း အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြည်ထဲရေး(က)အသင်းက ပြည်ထဲရေး(ခ)အသင်းကို နှစ်ပွဲ- ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ဒုတိယပြည်ထဲရေး(ခ)အသင်း၊ တတိယမြို့တော်စည်ပင်(ခ)အသင်းတို့ ရရှိသွားသည်။

အမျိုးသားလူသစ်တန်းအဖွဲ့လိုက်

အမျိုးသားလူသစ်တန်းအဖွဲ့လိုက်ပြိုင်ပွဲဗိုလ်လုပွဲတွင် ရိုးရိုးလေးအသင်းနှင့် ရဲလူငယ်(က)အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားရာ ရိုးရိုးလေးအသင်းက ရဲလူငယ်(က) အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ပထမပွဲငယ်တွင် ရဲလူငယ်(က)အသင်းက (၂၁)မှတ်၊ (၁၄)မှတ်ဖြင့် ပြိုင်ပွဲကို ဦးဆောင်ထားသော်လည်း ဒုတိယပွဲငယ်တွင် ရိုးရိုးလေးအသင်းက (၂၁)မှတ်၊ (၁၉)မှတ်ဖြင့် အနိုင်ရရှိပြီး တစ်ပွဲ-တစ်ပွဲဖြင့် သရေဖြစ်နေရာ နောက်ဆုံး အဆုံးအဖြတ်ပွဲတွင် ရဲလူငယ်(က)အသင်းက ရိုးရိုးလေးအသင်းကို (၈)မှတ်၊ (၅)မှတ်ဖြင့် ဦးဆောင်ထားသော်လည်း ရိုးရိုးလေးအသင်းသည် စိတ်ဓာတ်မကျဘဲ ဇွဲရှိရှိဖြင့် ပြန်လည်ယှဉ်ပြိုင်ရာမှာ ပွဲအပြီးတွင်(၁၇)မှတ်၊(၁၆)မှတ်ဖြင့် ရိုးရိုးလေးအသင်းက တစ်မှတ်ကပ်၍ နှာတစ်ဖျားအသာဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားခြင်းဖြစ်သည်။ ဒုတိယ ရဲလူငယ်(က)၊ တတိယ ရဲလူငယ်(ခ)နှင့် စတုတ္ထထိပ်တန်းအသင်းတို့အသီးသီး ရရှိသွားသည်။

အမျိုးသားအလွတ်တန်းအဖွဲ့လိုက်

အမျိုးသား အလွတ်တန်းအဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင်လည်း လယ်/ဆည်(က)အသင်းနှင့် မြို့တော်စည်ပင်(ခ)အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး လယ်/ဆည်(က)အသင်းက နှစ်ပွဲ-တစ်ပွဲဖြင့် ပထမဆုဖလားကို ရရှိသွားသည်။ ပထမပွဲငယ်တွင် လယ်/ဆည်(က)အသင်းက(၂၁)မှတ်၊ (၁၆)မှတ်ဖြင့်ငါးမှတ်အသာဖြင့် ပထမပွဲငယ် အနိုင်ရရှိထားသော်လည်း ဒုတိယပွဲငယ်တွင် မြို့တော်စည်ပင်(ခ)အသင်းက အလယ်ထိန်းလူ၏ စပေးဘော မှန်ကန်မှု၊ ရှေ့မှ(ဖိုက်တာ) ကစားသမား၏ ဘောလုံးအပျက်နည်းမှုကြောင့် (၂၁) မှတ်၊ (၁၈)မှတ်ဖြင့် မြို့တော်စည်ပင်(ခ) အသင်းက ပြန်လည်အနိုင် ရရှိသွားပြီး တစ်ပွဲစီ အနိုင်ဖြင့်သရေဖြစ်နေသည်။နောက်ဆုံး အဆုံးအဖြတ်ပွဲတွင် ပွဲမှာကြည့်ကောင်းလာသည်။ လယ်/ဆည်(က) အသင်းကစားကွက် ပြန်လည် တည်ငြိမ်လာပြီး ၁၁ မှတ်စီဖြင့် အမှတ်တူနေသည်။ လယ်/ဆည်(က)အသင်းသည် သူတင်ကိုယ်တင်ယှဉ်ပြိုင်နေရာမှ(၁၅)မှတ်၊(၁၃)မှတ်နှစ်မှတ်အသာဖြင့် အနိုင်ရရှိပြီး ပထမဆုဖလားကြီးကို ရယူသွားနိုင်ခဲ့သည်။ ဒုတိယဆုကို မြို့တော်စည်ပင်(ခ)အသင်းက ရရှိပြီး တတိယဆုကို လယ်/ဆည်(ခ)အသင်းကလည်းကောင်း၊ စတုတ္ထဆုကို လယ်/ဆည်(ဂ)အသင်းကလည်းကောင်း ရရှိသွားသည်။

ဆုချီးမြှင့်

ပွဲအပြီးတွင် ဆုပေးပွဲဆက်လက်ကျင်းပရာ အမျိုးသမီးအလွတ်တန်း အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ ပြည်ထဲရေး(က)အသင်း၊ ဒုတိယ ပြည်ထဲရေး (ခ)အသင်းနှင့် တတိယ မြို့တော်စည်ပင်(ခ)အသင်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကဒေါ်မိုးမိုးက ဆုချီးမြှင့်သည်။

အမျိုးသမီးအဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမရရှိသွားသော ပြည်ထဲရေး(က)အသင်းနှင့်ဒုတိယရရှိသွားသော ပြည်ထဲရေး(ခ) အသင်းအား အုပ်ချုပ်သူနည်းပြများနှင့်အတူ ဆုယူအပြီးတွေ့ရစဉ်။ (မြန်မာ့အလင်း)

အမျိုးသားလူသစ်တန်း အဖွဲ့လိုက်ပြိုင်ပွဲ ဆုချီးမြှင့်ရာ ပထမ ရိုးရိုးလေးအသင်း၊ ဒုတိယ ရဲလူငယ်(က) အသင်း၊ တတိယရဲလူငယ်(ခ)အသင်း၊ စတုတ္ထ ထိပ်တန်းအသင်းတို့ရရှိပြီး ဆုများကို အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ငွေသားနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

အမျိုးသားအလွတ်တန်းအဖွဲ့လိုက် ပြိုင်ပွဲ ဆုချီးမြှင့်ရာ ပထမ လယ်/ဆည်(က)အသင်း၊ ဒုတိယမြို့တော်စည်ပင်(ခ)အသင်း၊ တတိယ လယ်/ဆည်(ခ)အသင်းနှင့် စတုတ္ထ လယ်/ဆည်(ဂ)အသင်းတို့ရရှိရာ ဆုများကို မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဦးချစ်ခိုင်ကပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် အမျိုးသမီးအလွတ်တန်း အဖွဲ့လိုက်ပြိုင်ပွဲ ပထမရ ပြည်ထဲရေး(က)အသင်း၊ အမျိုးသားလူသစ်တန်းအဖွဲ့လိုက်ပြိုင်ပွဲပထမရ ရိုးရိုးလေးအသင်းနှင့် အမျိုးသားအလွတ်တန်းအဖွဲ့လိုက်ပြိုင်ပွဲ ပထမရ လယ်/ဆည်(က) အသင်းတို့အား ပထမဆုဖလားများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

မတ် ၂၄ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၃၉)ရပ်ကွက် ဓမ္မာရုံတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ မြို့နယ် ဦးစီးဌာနမှူး ဦးအောင်ခိုင်ဆွေက အရည်အချင်းပြည့်မီသူတစ်ဦးအား ကတ်ပြားပေးအပ်စဉ်။ (က-ပ)

e-Procurement အစီအစဉ် စတင်ခြင်းအခမ်းအနားကျင်းပမည်

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံ ၁၀နိုင်ငံများအကြားICT နည်းပညာ ထွန်းကားကျယ်ပြန့်အသုံးချမှုe-ASEAN သဘောတူညီချက်ကို ၂၀၀၀ပြည့်နှစ် နိုဝင်ဘာလတွင် စင်ကာပူနိုင်ငံ၌ပြုလုပ်သော အာဆီယံထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့ကြပြီး အဓိကထားဆောင်ရွက်ရမည့် လုပ်ငန်းကြီး ငါးရပ်အနက် e-Governmentဟူသော အစိုးရလုပ်ငန်းဌာနများအနေဖြင့် ပိုမိုစွမ်းရည်ပြည့်ဝစွာပြည်သူလူထုအတွက် ဆောင်ရွက်မှုများပေးနိုင်ရန် ICTနည်းပညာရပ်များ အသုံးပြုအကောင်အထည်ဖော်ရမည့် လုပ်ငန်းကြီးတစ်ရပ် အပါအဝင်ဖြစ်သည်။

e-ASEANသဘောတူညီချက်အရ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အီလက်ထရွန်နစ်အမျိုးသားလုပ်ငန်းဆင့်အဖွဲ့ e-National Tast Force ကိုမြန်မာနိုင်ငံတွင် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီများဖွဲ့စည်းကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

e-Government လုပ်ငန်းအကောင်အထည်ဖော်ရေးအတွက် ရှေ့ပြေးလုပ်ငန်းပရိုဂျက်များ(Pilot Project)ချမှတ် ဆောင်ရွက်လျက်ရှိရာ e-Visa, e-Passport, Smart Card, Smart School, Certification Authority (CT)လုပ်ငန်းများ ပရိုဂျက် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။ အဆိုပါပရိုဂျက်များနည်းတူ e-Government Pilot Project ဖြစ်သော အစိုးရလုပ်ငန်းဌာနများ၏ ဝယ်ယူမှုများအတွက် ပိုမိုလျင်မြန်ထိရောက် အကျိုးရှိနိုင်စေမည့် e-Procurementပရိုဂျက်ကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် စတင်စမ်းသပ် အသုံးပြုနိုင်ရန် e-Procurement အစီအစဉ် တရားဝင်စတင်ခြင်းအခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၈ နာရီတွင် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ပင်မအဆောင် အစည်းအဝေးခန်းမကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ဝန်ကြီးဌာန ကိုးခုအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းများစတင်စမ်းသပ်ပါဝင်မည်ဖြစ်ပြီး အခမ်းအနားသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အကြီးအကဲများနှင့်ဝယ်ယူရေးပိုင်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများ၏ CIO များ၊ ဝန်ကြီးဌာနများသို့ ကုန်ပစ္စည်းများပေးသွင်းရောင်းချလျက်ရှိသော ပြည်တွင်းပြည်ပ ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြမည်ဖြစ်၍ ဖိတ်စာများပေးပို့ထားသည်။ အစိုးရဌာနများသို့ ကုန်ပစ္စည်းတင်သွင်းရောင်းချလျက်ရှိသော(သို့မဟုတ်)အခမဲ့တင်သွင်းရောင်းချရန်စိတ်ဝင်စားသောကုမ္ပဏီများ အနေဖြင့် တက်ရောက်နိုင်ကြောင်း၊ ကုန်ပစ္စည်းများတင်သွင်းရောင်းချလိုသော ကုမ္ပဏီများ မှတ်ပုံတင်နိုင်ရန် (Supplier Registration) စတင်လျှောက်ထားနိုင်ရန်လည်း စီစဉ်ထားကြောင်းသိရသည်။ အသေးစိတ်သိလိုပါက ဖုန်း- ၆၅၂၂၃၆၊ ၆၅၂၂၃၇၊ ၆၅၂၂၄၀ တို့သို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

မော်လမြိုင်အလက(၇) အာစရိယပူဇော်မည်

ရန်ကုန် မတ် ၃၁

မော်လမြိုင်မြို့ အလက(၇)မှ တာဝန်ထမ်းဆောင်ပြီး သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မော်လမြိုင်မြို့ အလက(၇)၌ ကျင်းပမည်ဖြစ်ရာ အဝေးရောက်ဆရာဆရာမဟောင်းများ ဆက်သွယ်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဦးဇော်မင်းနိုင် ဖုန်း-၀၅၇- ၂၅၃၅၈၊ ဒေါ်ခိုင်ခိုင်ဝင်း ဖုန်း-၀၅၇-၂၅၀၁၁၊ ဦးအောင်မြင့်ဦး ဖုန်း-၀၅၇- ၂၅၀၃၂ နှင့် ဒေါ်ခင်စန်းကြည် ဖုန်း-၀၁- ၆၆၄၂၆၈နှင့် ဦးတင်ထွန်းကြည် ဖုန်း- ၀၉-၅၀၁၃၅၃၆၊ ၅၄၂၂၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သြဝါဒခံယူ

မတ် ၃၁ရက်က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့၏ ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ သြဝါဒါစရိယဆရာတော် အရှင်သူမြတ်များထံမှ သြဝါဒခံယူပွဲကို ဂေါပကရုံး အစည်းအဝေးခန်းမတွင် ကျင်းပစဉ်။ (မြန်မာ့အလင်း)

သာသနာ့တေဇာသိမ် ရေစက်ချအလှူမင်္ဂလာ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် လမ်း (၁၁၀) ပဲခူးကျောင်းတိုက်အတွင်း ဆောက်လုပ်လှူဒါန်း၍ ပြီးစီးခဲ့သော သာသနာ့တေဇာ သိမ်တော်မြတ် စုပေါင်းရေစက်ချ အလှူမင်္ဂလာကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ပြုလုပ်မည်ဖြစ်ရာ သဒ္ဓါကြည်လင် အလှူရှင် အလှူအမ ပါရမီရှင်များအားလုံး ရေစက်ချတရားနာယူကြွရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ကြ

အေဒီ(၁၁)ရာစု အနော်ရထာမင်းကြီး ကောင်းမှုတော်ဖြစ်သော လေးမျက်နှာဘုရားကြီးသည် ငလျင်ဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ပြိုကျပျက်စီးခဲ့ရပြီး နှစ်ပေါင်းများစွာ တောချုံများ အုပ်ဖုံးလျက် အုတ်ကုန်းကြီးဘဝရောက်ခဲ့ရသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တကောင်းမြို့ဟောင်းတွင် ပြန်လည်ပြုပြင်တည်ဆောက်ပါမည်။ စေတနာရှင် ကုသိုလ်ရှင်များ သဒ္ဓါတရားထက်သန်စွာဖြင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂ x၆ x၃)	–	၄၀ိ/–
ဘိလပ်မြေတစ်အိတ်	–	၄၀၀၀ိ/–
သဲတစ်ကျင်း	–	၆၀၀၀ိ/–
မြစ်ကျောက်(အသေး)တစ်ကျင်း	–	၂၀၀၀၀ိ/–
ထုံး (တစ်အိတ်)	–	၁၀၀၀ိ/–
သဲကျောက်ပြားတစ်ချပ် (၁၂ x၁၂)	–	၅၀၀ိ/–

ယဉ်ကျေးမှုဝန်ကြီးဌာန	(ဝန်ကြီးရုံး)	ဖုန်း – ၅၄၃၂၃၅၊ ၅၄၃၂၃၃
ရှေးဟောင်းသုတေသနဦးစီးဌာန	(ရုံးချုပ်)	ဖုန်း – ၅၁၂၁၄၀၊ ၅၁၂၁၃၉
ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ	(မန္တလေး)	ဖုန်း ၀၂–၃၆၃၆၅၊ ၀၂–၃၉၁၅၆

တကောင်းမြို့ လေးမျက်နှာဘုရား ဂေါပကအဖွဲ့ရုံး။

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ် (၅)ဖြန့်ချိ

ရန်ကုန် မတ် ၃၁

အိန္ဒိယ–အာဆီယံဖြတ်ကားပြိုင်ပွဲ နိုဝင်ဘာတွင် မြန်မာနိုင်ငံကို ဖြတ်သန်းဖွယ်ရှိ၊ အွန်လိုင်းမှတစ်ဆင့် လူနာ၏ ရောဂါအခြေအနေနှင့် ပတ်သက်၍ အကြံဉာဏ်နှင့် ကုသမှုများ ခံယူနိုင်တော့မည်။ ဆူဇူကီးအမှတ်တံဆိပ်ဝက်ဂွန် စိတ်ဝင်စားသူများပြား၊ လမ်းများပေါ်တွင် ရှိသော အရိုန်လျှော့ခုံများ စတင်ဖယ်ရှား၊ တစ်နိုင်ငံလုံး သစ်တော ဧရိယာ၏ ၅ ရာခိုင်နှုန်းကို ကာကွယ်တောအဖြစ် သတ်မှတ်ရန်စီစဉ် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ဆဲဗင်းဒေးနယူးစ်ဂျာနယ် ထွက်ရှိနေသည်။

ဓာတ်အားချွေတာ ပါးလွှာအီဘွတ်ခ် ဆိုနီကတီထွင်၊ စင်ကာပူသားကြွက်များ နည်းပညာသစ်ဖြင့် နှိမ်နင်းခံရတော့မည်၊ ကမ္ဘာ့မှတ်တမ်းဝင် မြွေလမ္ဘာယ်ဆရာ မြွေဟောက်ထိ ကွယ်လွန်၊ ပြင်သစ် မီးရထားလိုင်းတွင် ထောင်ဖုံးထပ်တွေ့၊ အိမ်သာ အင်စတော်လေးရှင်းအလုပ်ကောင်း ပတ်ဝန်းကျင်ကို အနံ့နှင့်နှိပ်စက်နေ အစရှိသည့် နိုင်ငံတကာ သတင်းဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့်အားကစားနှင့်အစားအသောက်ကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း–၇၀၃၈၁၃က ဖြန့်ချိထားသည်။ (က-ပ)

သင်္ကြန်တွင်းတရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၃၁

မဟာစည် သာသနာ့ရိပ်သာ ပြည် တွင်းပြည်ပ နာယကဆရာတော် ကမ္ဘာ့နာစရိယ ဓမ္မာစရိယ မုဒုံအရှင်ကုသလာနန္ဒ၏ နှစ်သစ်မင်္ဂလာအခါသမယ သင်္ကြန်တွင်းတရားပွဲများကို ၁၃၆၅–၆၆ ခုနှစ် တန်ခူးလဆန်း ၁၂ ရက်မှ နှစ်ဆန်း ၁ရက်အထိ တရားပွဲများမှာ ဧပြီ၁ရက်တွင် သာကေတ အနော်မာ ၇လမ်း သာသနရက္ခိတ ဓမ္မာရုံတွင်လည်းကောင်း၊ ဧပြီ၂ ရက်တွင် သာဓုကန်ကျေးရွာ ပုညသင်္ဂဟကျောင်းတိုက်တွင်လည်းကောင်း၊ ဧပြီ ၃ရက်တွင် ဒေါပုံမြို့နယ် ကြည်စုရပ် သာသနာ့ရိပ်သာလမ်း နှစ်ကျိတ်ရှစ်ဆူ ဓမ္မာရုံတွင်လည်းကောင်း၊ ဧပြီ၅ရက်တွင် မုဒုံမြို့မ မဟာစည် သာသနာ့ရိပ်သာ ဒုလ္လဘ ရဟန်းခံဝတ်ပွဲတွင်လည်းကောင်း၊ ဧပြီ၆ရက်နှင့် ၇ ရက်တွင် သံဖြူဇရပ်မြို့တွင်လည်းကောင်း၊ ဧပြီ၈ ရက်၊ ၉ ရက်နှင့် ၁၀ရက်တွင် မုဒုံမြို့မ မဟာစည်ရိပ်သာ ဒုလ္လဘ ရဟန်းခံဝတ်ပွဲတွင် လည်းကောင်း၊ ဧပြီ၁၁ရက်တွင် လယ်တီစံ မဟာစည်ရိပ်သာနှင့် ကျိုက္ကစံဘုရား ဓမ္မဗိမာန်တွင် လည်းကောင်း၊ ဧပြီ၁၂ရက်တွင် မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံနှင့် လယ်တီစံ မဟာစည် သာသနာ့ရိပ်သာတွင်လည်းကောင်း၊ ဧပြီ၁၃ရက်တွင် တာမွေမြို့နယ် နန္ဒဝန်စေတီ ဓမ္မာရုံတွင် လည်းကောင်း၊ ဧပြီ ၁၄ ရက်တွင် ရွှေမင်းဝံတောတိုက် ဓမ္မရိပ်သာနှင့် ကျိုက္ကစံဘုရားဓမ္မဗိမာန်တွင် လည်းကောင်း၊ ဧပြီ ၁၅ ရက်တွင် ရွှေမင်းဝံတောတိုက် ဓမ္မရိပ်သာနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) စိန်စီမဟာစည်သာသနာ့ရိပ်သာတွင် လည်းကောင်း၊ ဧပြီ ၁၆ ရက်တွင် ခရမ်းမြို့ မဟာစည်သာသနာ့ရိပ်သာတွင်လည်းကောင်း၊ ဧပြီ ၁၇ရက် (နှစ်ဆန်း ၁ရက်)တွင် ကျိုက္ကစံဆုတောင်းပြည့်စေတီတော် ဓမ္မဗိမာန်တော်ကြီးတွင် လည်းကောင်း၊ နှစ်ဦးမင်္ဂလာ မဟာသတိပဋ္ဌာန် ဝိပဿနာနိဗ္ဗာန်ရောက် ကြောင်းတရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဟု သိရသည်။ (က-ပ)

အချိန်အခါမဟုတ် မိုးရွာမည်

ရန်ကုန် မတ် ၃၁

ယနေ့ နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယနေ့မွန်းတည့်မှနောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

Y.E.S. အော်ဂလိပ်စကားပြော သင်တန်းများ

၁၀–တန်း၊ ၁၀–တန်းအောင်၊ ဘွဲ့ကြို၊ ဘွဲ့ရများအတွက် အင်္ဂလိပ်စကားပြော သင်တန်း

Basic Spoken English APR: -19,24,26
Pre-Intermediate English APR: - 3
Grammar Foundation Course APR: - 24, 26
TOEFL & Intermediate English APR: - 26
IELTS, SAT(I), AE / SAT(II), VEC, AWC

No.119, Y.W.C.A Building , Bogalayzay Street, Botataung TSP,
နံ့စပ်းရှုန်ဖုန်း - 245821

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်စိုးနိုင် ၁၂/ပဇတ(နိုင်) ဝ၁၁၆၄၆ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဦးသန်းရှိန်
CI-၀၅၈၃၅၀။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၁၈)၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြက စတုတ္ထတန်း ကျောင်းသား မောင်ထက်ဝေယံအား လက်မှတ်ပေးအပ်စဉ်။ (က-ပ)

လှိုင်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၈)၏ အလယ်တန်းနှင့် မူလတန်းဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို မတ် ၂၆ ရက်က ကျင်းပရာ အဋ္ဌမတန်းကျောင်းသူ မချယ်ရီသင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခင်က သင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်စဉ်။ (က-ပ)

မြန်မာကုန်စည်ပြပွဲ ၂၀၀၄ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာနတွင်ကျင်းပမည်

ရန်ကုန် မတ် ၃၁

နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်စွာ စနစ်တကျထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများ၊ ပြည်ပသွင်းကုန်အစားထိုးကုန်ပစ္စည်းများ၊ ကုန်ပစ္စည်းအမယ်သစ် (အမည်သစ်)များ အများပြည်သူအတွင်း ကျယ်ပြန့်စွာ တိုက်ရိုက်ထိတွေ့ လေ့လာနိုင်စေရန်၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်ကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့နှစ်သစ်ကူးအကြို မြန်မာကုန်စည်ပြပွဲ ၂၀၀၄ (Myanmar Trade Fair 2004) ကို ဧပြီ ၂ရက်မှ၅ရက်ထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန် ကုန်သွယ်မှု ဗဟိုဌာန၌ Quartz International Co., Ltd. က ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် ပြည်တွင်းပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ စက္ကူစာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်း၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်း၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်း စအမျိုးမျိုးတို့ကို ပြခန်းအလှဆုံး ပြင်ဆင်မှုရွေးချယ်ခြင်းနှင့် Star Entertainment Co., Ltd.၏ ကုန်ပစ္စည်းအရောင်းမြှင့်တင်ရေး ကြော်ငြာသရုပ်ပြပွဲ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ရာ ဖုန်း–၅၇၃၁၄၈ သို့ ဆက်သွယ်နိုင် ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ်လက်အင်္ဂါမသန်စွမ်းသူများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃၁

ပထမအကြိမ် ကိုယ်အင်္ဂါမသန်စွမ်းသူများ အာစရိယပူဇော်ပွဲကို ဆေးကုသမှုခံယူပြီးခဲ့သော ကိုယ်အင်္ဂါ မသန်စွမ်းသူများက အမျိုးသားပြန်လည်သန်စွမ်းသူများဆေးရုံတွင် ဧပြီ ၂၈ရက် မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်သည်။ စိတ်ဝင်စားသော မသန်စွမ်းသူများနှင့် စေတနာရှင်များသည် ဒေါ်ထားထားမွန်(အမျိုးသားပြန်လည်သန်စွမ်းသူများဆေးရုံ) ဖုန်း–၆၆၀၈၉၈၊ ဒေါက်တာအေးကို အမှတ်(၆၃)စကားဝါပင်လမ်း ကြည့်မြင်တိုင် ဖုန်း–၇၂၄၀၉၃၊ ဦးအေးကိုကို သပြေဆန်းဧည့်ရိပ်သာ အမှတ်(၇၄) ၅လမ်း လမ်းမတော် ဖုန်း–၂၂၇၇၃၄၊ ဦးဘရင်အေး အမှတ်(၂၆) ထားဝယ်လမ်း (၂၅)ရပ်ကွက် ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဦးအုန်းညွန့် ဖုန်း–၆၃၆၇၄၆ နှင့် ဒေါ်မြင့်မြင့်စိန် အမှတ် (၆၇၊°C/၂၀) ပိတောက်ပင်လမ်း အထက်ကြည့်မြင်တိုင် ဖုန်း–၅၁၁၅၁၃ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

၁၃၆၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ချီးမြှင့်ဆက်ကပ်ခြင်းခံရသော ပြွန်တန်ဆာမြို့ သမိဒ္ဓေါဒယမဓမ္မဇောတိကာရုံ သီလရှင် စာသင်တိုက်၏ ပဓာန နာယကဆရာကြီး ဒေါ်ကဥ္စနရုံသီထံ မတ် ၁၃ ရက်က ဂုဏပူဇာ သဘင်ထပ်ဆင့် ဂုဏ်ပြုပွဲတွင် ဒါယကာ ဒါယိကာမများကိုယ်စား ပူဇော်ပွဲဖြစ်မြောက်ရေးဥက္ကဋ္ဌ ဒေါ်နီက လှူဖွယ်ဝတ္ထုများဆက်ကပ်စဉ်။ (၁၄၁)

စလင်းမြို့နယ်တွင် ကျေးရွာစာကြည့်တိုက်များဖွင့်

စလင်း မတ် ၂၄

မကွေးတိုင်း စလင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းပြီး ကျေးရွာအုပ်စု တိုင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မတ် ၁၆ ရက်မှ ၂၀ ရက်ထိ ဒေါင့်ဘိုး၊ ရဒေး၊ ရေကြည်၊ ရွာမှတ်နှင့် တောစိမ့်ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ကြသည်။

အခမ်းအနားများတွင် ခရိုင်အမှုဆောင် ဦးကျော်ဝင်းကြည်က အသင်း၏ စည်းရုံးလှုပ်ရှားမှုဆိုင်ရာ လုပ်ငန်းများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးမြင့်မောင်က စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆွေးနွေးကြသည်။ **(က-ပ)**

မတ် ၂၉ ရက်က (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အင်္ဂပူမြို့နယ် တပ်မတော်တန်းမြင့် လေ့ကျင့်ရေး ကျောင်းရှိ နိုင်ငံသား အရည်အချင်းပြည့်မီသူများကို မြို့နယ် ဦးစီးအရာရှိ ဦးခင်မောင်ဝင်းက ကျောင်းအုပ်ကြီးကိုယ်စား ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဌေးထံ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၁၃၁)

ပဲခူးမြို့မဈေး တယ်လီဖုန်းစက်ခလုတ်ခုံဖွင့်

ပဲခူး မတ် ၂၇

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပဲခူးမြို့မဈေး အော်တိုအိတ်ချိန်း စက်ခလုတ်ခုံဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၁၀ နာရီက အဆိုပါ ဈေးနှစ်ထပ်ဈေးရုံအပေါ်ထပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကို၊စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဌေး၊ ပဲခူးတိုင်းခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မဈေး အကျိုးဆောင်အဖွဲ့နှင့် ဈေးသူဈေးသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဌေးနှင့် ဝင်းအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်အမှုဆောင်ဒါရိုက်တာ ဦးဝင်းမောင်တို့က စက်ခလုတ်ခုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်က ကိုယ့်အားကိုယ်ကိုး အော်တိုအိတ်ချိန်းလိုင်းခွဲ တယ်လီဖုန်းတပ်ဆင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

ရွှေရတုအထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားစွာကျင်းပရေး တာဝန်ပေးအပ်

ကျောင်းကုန်း မတ် ၂၇

ကျောင်းကုန်းမြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကျင်းပရေးနှင့် လုပ်ငန်းစီမံချက်ပါ တာဝန်ပေးအပ်ပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက ဇရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကြည်စန်းက အမှာစကားပြောကြားပြီး နှစ်(၅၀)ပြည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရွှေရတုအခမ်းအနား ကျင်းပရေး ဆိုင်ရာလုပ်ငန်းစီမံချက်ကို အကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးသန်းဌေးက ရှင်းလင်းတင်ပြသည်။

တာဝန်ပေးအပ်

ဆက်လက်၍ နှစ်(၅၀)ပြည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရွှေရတု အခမ်းအနား ကျင်းပရေးဆိုင်ရာ လုပ်ငန်းစီမံချက်ပါ တာဝန်များကို မြို့နယ်ဥက္ကဋ္ဌဦးကြည်စန်းက ကော်မတီနှင့် ဆပ်ကော်မတီဝင်များကို အသီးသီး တာဝန်များပေးအပ်သည်။

ဆက်သွယ်လှူဒါန်း

ထို့နောက် နှစ်(၅၀)ပြည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရွှေရတု အခမ်းအနားကို စည်ကားသိုက်မြိုက်စွာဖြင့် နှစ်ဆန်း ၁ ရက်တွင် မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၉၁ ကျောင်းမှ သံဃာတော် ၂၂၈ ပါးကို ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ လှူဒါန်းလိုသူများ ဦးစောလွင်(ကျောင်းကုန်း မြို့နယ်အသင်း) ရန်ကုန်မြို့ ဖုန်း-၅၃၆၈၂၇၊ ဦးစောမောင်-(ဒေါ်ရိတ်ကြီး) မိသားစု ရန်ကုန်မြို့ ဖုန်း-၆၆၃၀၄၅နှင့် ဦးသန်းဌေး အကျိုးတော်ဆောင် အတွင်းရေးမှူး ကျောင်းကုန်းမြို့ ဖုန်း-၃၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၂၆၅)**

မုဒုံမြို့ မဟာစည်ရိပ်သာတွင် ဒုလ္လဘရဟန်းခံပွဲကျင်းပမည်

မုဒုံ မတ် ၂၈

(၁၁)ကြိမ်မြောက် ယဉ်ကျေးမှုအခြေပြုသင်တန်းနှင့် ဒုလ္လဘ ရဟန်းခံ ရှင်ပြုနှင့် သီလရှင်ဝတ် မင်္ဂလာပြုပွဲ အခမ်းအနားကို မတ် ၂၉ ရက်က မုဒုံမြို့နယ် သာယာကုန်း မဟာစည်သာသနာ့ရိပ်သာကျောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

စာရင်းသွင်းလိုသူများသည် မုဒုံမြို့နယ် သာယာကုန်း မဟာစည်သာသနာ့ ရိပ်သာကျောင်း ဦးစီးပဓာန နာယကဆရာတော် သာသနဓဇမ္မာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝိစာရိန္ဒ၊ ဒေါ်လုံးခင် (ဈေးကြီး) ဖုန်း-၀၅၇-၂၄၆၆၁၊ ဦးဇော်ဝင်း၊ မောင်တင်အင်စန်း ပုံနှိပ်တိုက် ဖုန်း-၀၅၇-၂၁၄၀၁၊ ဒေါ်ငြိမ်းရန် (ငြိမ်းအထည်ဆိုင်)မော်လမြိုင် ဖုန်း-၀၅၇-၂၅၁၈၄၊ ဦးကျော်ရွှေ (ရိုးဂိုးကျေးရွာ) နှင့် ဦးတင်လှိုင်တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(၁၆၈)**

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ

၂-၄-၂၀၀၄(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်တရားတော်

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁း၃၅ သုတရေးရာဖြေကြားလွှာ
၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်လင်းနေပင်)
၁၂း၃၀ ဇာတ်လမ်းပမာ(အဖေ)
၁၃း၁၀ ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (ဝါရွှေနှယ်သွေး)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း (၁)ခေါင်းကြီးပိုင်း(လက်ဦးဆရာ) (၂)စိမ့်စမ်းသွယ်မျက်ရည် (ဆောင်းပါးသရုပ်ဖော်)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (အစားအသောက်သတင်း) (မောင်ဆုရှင်)

ပြည်ခရိုင်စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဆင်း

ရွှေတောင် မတ် ၂၈

ပြည်ထဲရေးဝန်ကြီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း)အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ပြည်ခရိုင်စာရေးဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းအမှတ်စဉ် (၃/၂၀၀၄)ဆင်းပွဲအခမ်းအနားကို မတ် ၂၆ ရက် မွန်းလွဲ ၂ နာရီက ပြည်ခရိုင် ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်နှင့် ပြည်ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘဝင်းတို့က အသီးသီးအမှာစကားပြောကြားကြသည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသား ဦးမြင့်အေးက သင်တန်းအတွေ့အကြုံများကိုရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ရာ ထူးချွန်ဆုရကျောင်းသားများကိုတွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်က ပေးအပ်ခဲ့ကြောင်းသိရသည်။ **(၁၁၆)**

အမျိုးသမီးရေးရာအဖွဲ့ဟောပြော

မိုင်းခတ် မတ် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းခတ်မြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနှင့် စပ်လျဉ်းသည့် ရှင်းလင်းပွဲနှင့်ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်နန်းကိန်ဟွမ်က အမျိုးသမီးရေးရာ ကော်မတီနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြို့ပင်ကောက်မြို့ နွယ်ခွေရပ်ကွက်တွင်သောက်သုံးရေဖူလုံ

ကြို့ပင်ကောက် မတ် ၂၀

ကြို့ပင်ကောက်မြို့ နွယ်ခွေရပ်ကွက်တွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လှူဒါန်းငွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စက်ကိရိယာပံ့ပိုး၍ တူးဖော်ဆောင်ရွက်သည့် နှစ်လက်မ စက်ရေတွင်းမှ သောက်သုံးရေရရှိမှုကို မတ် ၁၄ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးအောင်က ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ကြို့ပင်ကောက်မြို့တွင် ယခုတူးဖော်သည့် နှစ်လက်မစက်ရေတွင်းမှ သောက်သုံးရေကြောင့်နွယ်ခွေရပ်ကွက်နှင့် အခြားရပ်ကွက်များ သောက်သုံးရေဖူလုံလျက်ရှိကြသည်။ **(၀၄၀)**

မြင်းလှည်းခိုင်ခံ့မှုစစ်ဆေး

ပြင်ဦးလွင် မတ် ၂၃

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ မြင်းလှည်း(အနေးယာဉ်)သက်တမ်းတိုး၊ ခိုင်ခံ့မှုနှင့် သန့်ရှင်းခြင်း စစ်ဆေးမှုကို ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးရုံးဝင်း၌ မတ် ၂၂ ရက်မှ ၂၃ရက်အထိ မြင်းလှည်း(အနေးယာဉ်)များကိုစစ်ဆေးကြရာ မြို့နယ်စည်ပင်သာယာရေး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမင်းသန်း၊ ဦးစီးမှူး ဦးထင်အောင်နှင့် တာဝန်ရှိသူများကလည်း အနေးယာဉ် ၁၅၃စီးကို စစ်ဆေးခဲ့ကြကြောင်းသိရသည်။ **(၂၈၀)**

မတ် ၁၉ရက်က(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကန်ကြီးထောင့်မြို့နယ် ကျေးရွာခြင်းဆက် ကုန်းစု ဆိတ်ကြီး မြေသားလမ်းကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစံထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၀၈)

ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်းနှင့် မြို့ပြစီမံကိန်းရေးဆွဲရေးသင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန် မတ် ၃၁

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၅၁ ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် မတ် ၂၆ရက်နံနက် ၈နာရီက ဘဏ္ဍာရေးစည်းမျဉ်းအထူးသင်တန်းအမှတ်စဉ် (၁၅)နှင့် မြို့ပြစီမံကိန်းရေးဆွဲရေးသင်တန်း အမှတ်စဉ် (၆) သင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်**(အပေါ်ပုံ)**က သင်တန်းဆင်းအမှာစကား ပြောကြားကာ ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ်(၁၅)တွင် စံပြသင်တန်းသူဆုရရှိသူ ဒေါ်သင်းသင်းထွန်း ဒုတိယဦးစီးမှူး၊ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် စာပေထူးချွန်ဆုရရှိသူ ဒေါ်မြသီတာ ဦးစီးအရာရှိ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)နှင့် မြို့ပြစီမံကိန်းရေးဆွဲရေး သင်တန်းအမှတ်စဉ်(၆)တွင် စံပြသင်တန်းသူဆုရရှိသူ ဒေါ်ရီအေးခိုင်၊ အငယ်တန်းအင်ဂျင်နီယာ(၂) အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ကိုဆုများချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များအား သင်တန်းသားခေါင်းဆောင်သို့ ပေးအပ်ခဲ့သည်။

ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ်(၁၅)တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသူ ၅၉ ဦးနှင့် မြို့ပြစီမံကိန်းရေးဆွဲရေး သင်တန်းအမှတ်စဉ်(၆)တွင် စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသူ ၃၀ စုစုပေါင်း သင်တန်းသူ ၈၉ဦး တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်ခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် စည်ပင်သာယာရေးဦးစီးဌာနမှဖွင့်လှစ်သော ပန်းဥယျာဉ်အထူး ရက်တိုသင်တန်းနှင့် ဥယျာဉ်မှူးသင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။ ပန်းဥယျာဉ်မှူးအထူးရက်တို သင်တန်းသို့ ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိ ၁၅ဦးနှင့် ဥယျာဉ်မှူး သင်တန်းတွင် သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ပန်းဥယျာဉ်သင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် မြို့ပြသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ ပန်းအလှစိုက်ပျိုးရာတွင် အထောက်အကူပြုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၇၂)ကြိမ်မြောက် သွေးလှူဒါန်း



ရန်ကုန် မတ် ၃၁

သာကေတမြို့နယ် ၁၀ ရပ်ကွက် တောင်ပိုင်း သလ္လာ၁၀တီ ၁ လမ်း ဇယန္တာရာမစာသင်တိုက်မှ ဦးစိတ္တရ (**အပေါ်ပုံ**)သည် မတ် ၂၂ ရက်က ရန်ကုန်မြို့ဗဟိုအမျိုးသားသွေးလှူဘဏ်တွင် (၇၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။ **(က-ပ)**

မကွေးမြို့နယ်အသင်း (ရန်ကုန်)
ဂုဏ်ပူဇော်နှင့် သက်ကြီးပူဇော်ပွဲ

ရန်ကုန် မတ် ၃၁

မကွေးမြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏ်ပူဇော်သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော မကွေးမြို့မှ သံဃာတော်သုံးပါး၊ သီလရှင်နှစ်ပါးတို့အား ဂုဏ်ပြုပူဇော်ခြင်းနှင့် အသင်းဝင်များအနက်မှ အသက် ၇၅နှစ်နှင့်အထက်ရှိ သက်ကြီးပုဂ္ဂိုလ်များအား ပူဇော်ခြင်း၊ ၂၀၀၃ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများအား ဆုချီးမြှင့်ရာ တက္ကသိုလ်ဝင်တန်း၌ ၆ ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မဆုသစ်သစ်နိုင်အား ဦးကြည်မောင်-ဒေါ်အေးမြင့် (ထွန်းမိသားစုသစ်စက်)က ဂုဏ်ပြုငွေကျပ်သုံးသောင်းနှင့် ဦးအေးကို-ဒေါ်နုနုခင် (မြန်မာကိုင်ဒိုကုမ္ပဏီ)က ငွေကျပ်နှစ်သောင်းတို့အား မြန်မာကိုင်ဒိုမှ ဒေါ်နုနုခင်က ဆုချီးမြှင့်သည်။ **(က-ပ)**

အတုလမဂ္ဂကျောင်း သင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အတုလမဂ္ဂကမ္မဋ္ဌာန်းရိပ်သာကြီးတွင် ၁၃၆၅ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက်မှ ၁၃ ရက်ထိ (ဧပြီ ၁၁ ရက်မှ ၁၇ ရက်)ထိ ခုနစ်ရက်တရားစခန်းပွဲကို အတုလမဂ္ဂဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌ၊ မဥ္ဇူဆရာတော် ဘဒ္ဒန္တသုနန္ဒတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားတော်များကို ဟောကြားပြသမည် ဖြစ်ပါသည်။

တရားစခန်းဝင်လိုသူများ ဖုန်း-၆၉၀၄၄၆ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဆေးရုံဝင်းစုပေါင်းသန့်ရှင်း

မန္တလေး မတ် ၂၆

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြု၍ မတ် ၂၅ရက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး ခုတင် (၅၀) ဆံ့ ဆေးရုံဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ခြင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင်၊ ဒုတိယကျောင်းအုပ်ကြီး ရဲမှူးကြီးကျော်ဌေးတို့ ဦးဆောင်သော သန္နေတပ်ဖွဲ့၊ အရာရှိ၊ အခြားအဆင့် ၅၀၊ ဒုရဲအုပ်လောင်း သင်တန်းသား ၁၅၀၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၄၂ဦး၊ ဆေးရုံအုပ်ကြီး ဒေါက်တာခင်စောဝင်းဦးစီးသော ကျန်းမာရေးဝန်ထမ်း ၁၈ဦးတို့ စုပေါင်းဆောင်ရွက်ကြသည်။ (၃၁၃)

အင်းစိန် အထက(၁) အခြေခံပညာ အထက်တန်း၊ အလယ်တန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို မတ် ၂၅ ရက်က ဧရာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည်က ဒသမတန်းမှ မဆုမြတ်အေးအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (၀၄၆)

မိုးကုတ်ဝိပဿနာ သင်္ကြန် ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် မိုးကုတ်ဝိပဿနာ ပုဏ္ဏာမိဓမ္မရိပ်သာကျောင်းတိုက်စခန်းအကျိုးဆောင်များမှ ကြီးမှူး၍ (၆၆) ကြိမ်မြောက် သင်္ကြန်တွင်း ဆယ်ရက်တရားစခန်းပွဲကြီးကို ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလဆုတ် ၅ရက်မှ ဦးတန်ခူးလကွယ်(ဧပြီ ၉ရက်မှ ၁၈ရက်) အထိ ကျင်းပမည်ဖြစ်သည်။

ယင်းစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးပညာသာရ အရှင်သူမြတ်နှင့် မိုးကုတ်ဓမ္မကထိက ဆရာကြီးဦးစိန်ဝတို့က ပဋိစ္စသမုပ္ပာဒ်တရား၊ သစ္စာလေးပါးနှင့် အလုပ်ပေးတရားတို့ကို ဟောကြားပြသမည်ဖြစ်ပါ၍ စခန်းဝင်လိုသော ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး တရားစခန်းဝင်မည့် ယောဂီများသည် ဧပြီ ၈ ရက် (ကြာသပတေးနေ့) ညနေ ၆နာရီအရောက် ပုဏ္ဏာမိဓမ္မရိပ်သာကျောင်းသို့ လာရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။**(က-ပ)**

မတ် ၁၆ ရက်က မအူပင်မြို့ ဖွံ့ဖြိုးသာယာလှပစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ ညွှန်ကြားမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောက်လုပ်ပြီးစီးခဲ့သော မြို့အဝင် မုခ်ဦးကို မြန်မာမှုအလှအပဖြင့် တွေ့ရစဉ်။ (က-ပ)

ပြည့်စုံအေးသာသနာ့ရိပ်သာ တရားစခန်းကျင်းပမည်

ရန်ကုန် မတ် ၃၁

တောင်ငူမြို့ မဟာစည်အေးရိပ်သာနှင့် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် သုနန္ဒာလမ်းနှင့်ခေမာသီလမ်းထောင့်ရှိ ပြည့်စုံအေးမဟာစည်သာသနာ့ရိပ်သာတို့တွင် ရိပ်သာပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုဇာတက ကြီးမှူး၍ ယနေ့မှ ဧပြီ ၁၈ရက်အထိ တရားစခန်းဖွင့်လျက်ရှိပြီး သင်္ကြန် ၇ရက် တရားစခန်းကို ဧပြီ ၁၂ရက်မှစ၍ ကျင်းပမည်ဖြစ်ရာ ဒုလ္လဘရဟန်းဝတ်လိုသူများ၊တရားစခန်းဝင်လိုသူယောဂီများ၊ လှူဒါန်းလိုသူများသည် တောင်ငူ မဟာစည်အေးရိပ်သာ ဖုန်း- ၀၅၄-၂၃၄၆၁ နှင့် ပြည့်စုံအေးမဟာစည်ရိပ်သာ မြောက်ဥက္ကလာပ ဖုန်း-၀၁-၆၉၀၀၃၅ ထံ စာရင်းပေးသွင်းနိုင်ပြီး တရားစခန်းတွင် ကမ္မဋ္ဌာနာစရိယ ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။**(က-ပ)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် (၁၀)နာရီမှ ညနေ (၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်ကို သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ၊

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

Victoria Fancy Shop
ONE STOP SERVICE
Ph: 515136, 505614

မွေးနေ့ဆုတောင်း

၂၉-၃-၂၀၀၄ ရက်တွင် ကျရောက်ခဲ့သော ချစ်သမီးလေး **သဥ္ဇာအောင်**၏ (၂)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် တတ်သိလိမ္မာသော သမီးကောင်းရတနာလေး ဖြစ်နိုင်ပါစေ။

ချစ်ဖေဖေ – တကကက ထွန်းအောင်(ငြိမ်း)
ချစ်မေမေ – ဒေါ်အေးအေးစိုး

ကီမိုနိုဟောက်(စ်)မှ

ကီမိုနိုမျိုးစုံ၊ လီနင်မျိုးစုံ၊ စိန်မိုက်ကယ်၊ ပွဲထိုင်ဇာ၊ တူညီဝတ်စုံ၊ သင်္ကြန်ဆင်တူဝတ်စုံများ အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါပြီ။

– A 11-A 22 (ကားရပ်နားဝင်ပေါက်)၊ ဒုတိယထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်၊
– ၅(ခ)ဗိုလ်ချုပ်လမ်း၊ တောင်ကြီး၊
– ၈၅ စီရုံ၊ မြေညီထပ်၊ ဈေးချိုမန္တလေး။

အမည်ပြောင်း ပန်းဘဲတန်းမြို့နယ်နေ ဦးခင်မောင်စိုး၏ သားဖြစ်သူ မောင်ကျော်ဇေဟန် ၁၂/ပဘတ(နိုင်)၀၂၅၂၃၂ အား မောင်ကောင်းခန့်ကျော်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းခန့်ကျော်။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း ယာဉ်အမှတ် ဇ/၂၆၂၄၊ ၁ယ/၄၇၇၅၅၊ ၁ယ/၆၃၆၁နှင့် လလ/၁၅၇၁ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ (ခရိုင်ရုံး) လှိုင်လင်သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန(ခရိုင်ရုံး)၊ လှိုင်လင်**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၉၂

အာရှဓနဘဏ်လီမိတက်	**နှင့်**	ရွှိုင်ရယ်မန်နုဖက်ချာရင်းကုမ္ပဏီလီမိတက်
(၎င်း၏ကိုယ်စား		(၎င်း၏ကိုယ်စား)
ဒုမန်နေဂျာ-ဦးမြင့်နွယ်)		၁။ ဦးကျော်လင်း
		၂။ ဦးရန်အောင်
		၃။ ဒေါ်သီတာဝင်း
တရားလို		**တရားပြိုင်များ**

၁။ ဦးကျော်လင်း ၂။ ဦးရန်အောင် ၃။ ဒေါ်သီတာဝင်း တိုက်၂၉၂(ဘီ)၊ အခန်း ၂/၁၀၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်တရားလို အာရှဓနဘဏ်လီမိတက်(၎င်း၏ကိုယ်စား ဒုမန်နေဂျာ-ဦးမြင့်နွယ်)က ဘဏ်အပေါင်ချေးငွေ ၃၇၈၈၂၀၄၄ ကျပ် ၆၂ ပြားရလိုမှုနှင့် ဘဏ်အပေါင်အာမခံပစ္စည်းရောင်းချပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ရှိ၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဧပြီလ ၂၂ ရက် (၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသား ပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင်ငြင်းချက်များကို ထုတ်၍ စစ်ဆေးသွားမည်ဖြစ်သည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မတ်လ ၁၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းသိန်းညွန့်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၇၁

အာရှဓနဘဏ်လီမိတက်	**နှင့်**	၁။ ဦးခင်မောင်
(တရုတ်တန်းဘဏ်ခွဲ)		၂။ ဒေါ်သိန်းသိန်း
(၎င်း၏ကိုယ်စား မန်နေဂျာဦးတင်ဝင်း)		၃။ ဦးမော်သိန်း
		၄။ ဒေါ်မိုးစန္ဒာ
တရားလို		**တရားပြိုင်များ**

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့သစ်၊ ဗိုလ်ချုပ်ရွာ ခရေပင်လမ်း၊ အမှတ် ၂၉၉ ရပ်နေ ၁။ ဦးခင်မောင် ၂။ ဒေါ်သိန်းသိန်း ၃။ ဦးမော်သိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ အာရှဓနဘဏ်လီမိတက်က ဘဏ်ပေါင်ချေးငွေ ၄၆၇၈၂၆၆၁ကျပ် အတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဧပြီလ ၇ ရက် (၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆုတ်၃ ရက်)နေ့ နံနက် ၉ နာရီတွင် အထက်က အမည်ရေးသား ပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မတ်လ ၁၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးမင်း
တွဲဖက်တိုင်းတရားသူကြီး(၁၄)
ရန်ကုန်တိုင်းတရားရုံး

(၁)နှစ်ပြည့်သတိရခြင်းနှင့်ကောင်းမှုဒါန ဒုအရာခံဗိုလ်ကျော်ရှိန် (ငြိမ်း)

ကျေးဇူးရှင်ဖခင်ကြီး ခွဲခွာသွားသည်မှာ ၁-၄-၂၀၀၄ ရက်တွင် (၁)နှစ်ပြည့်ပါပြီ။ ဖခင်ကြီးအတွက် ရည်စူး၍ နေ့စဉ်လှူဒါန်းသမျှ ကုသိုလ်ဒါနများနှင့် (၁)နှစ်ပြည့်မြောက်သည့်နေ့တွင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထု လှူဒါန်းမှုအစုစုတို့ကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ဇနီး – ဒေါ်ခင်အေး (ငြိမ်း) အထက (၇) ပုသိမ်
သားသမီးမြေးများ – ဒေါ်ဥမ္မာရှိန်၊ ဗိုလ်နီလာရှိန်
ဒုအရာခံဗိုလ် အောင်ကျော်ဝင်း-ဒေါ်မာလာရှိန်
မောင်ဉာဏ်ထွန်းရှိန်၊ မောင်အောင်ခန့်ကျော်

မန္တလေးမှာတည်းခိုဖို့
Great Hotel
ကို
သွားကြစို့
နှစ်သစ်ကူး
သင်္ကြန်အတွက်
အသစ်ဖွင့်လိုက်တဲ့
မန္တလေးမြို့ရဲ့
Great
No.45
39th St,
Bet 79th x 80th St,
Mandalay
Ph. 34211/
34209/
66493

သင့်ပူစီ၊ ပါပီလေးများ၏ ကျန်းမာရေးအတွက်
Amazon တိရစ္ဆာန်ဆေးကုခန်းနှင့် အလှမွေးငါးဆိုင်
ငါးဆိုင်ဖွင့်ချိန် – 8:00 Am- 9:00 Pm
ဆေးခန်းဖွင့်ချိန် – 6:00 Pm- 9:00 Pm
အမှတ် ၆၊ ၁၁ လမ်း၊ အောက်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၂၂၇၂၀၄

SHINE

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

မန္တလေးမြို့၊ နန်းတော်ရှေ့ရပ်နေ
ဗိုလ်မှူးတင်ငွေ(ငြိမ်း)-ဒေါ်ခင်လှ
တို့၏သားကြီး
မောင်အောင်လွင်ဦး B.A (History)
(ရေချိုငါး/ပုစွန်မွေးမြူထုတ်လုပ်ရေး၊ ပန်းတနော်)
နှင့်
ရန်ကုန်မြို့၊ အလုံမြို့နယ် နွယ်သာကီလမ်း၊ အမှတ်(၆)နေ
ဦးငြိမ်းမောင်(ဗဟိုစံပြငါးဈေးကြီး ဃ/၁၀)-ဒေါ်ငြိမ်းမြ
တို့၏ သမီးထွေး
မကေသီငြိမ်း B.Sc (Botany), Dip.in Pharmacy
တို့၏

၂၈-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ International Business Center ခန်းမ၌ကျင်းပခဲ့သော မင်္ဂလာညည့်ခံပွဲသို့ မင်္ဂလာပန်းကုံးချီးမြှင့်ပေးကြသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်နှင့်ဇနီးဒေါ်တင်တင်ညွန့်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးကြသော ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးဆန်းမြင့်နှင့်ဇနီးဒေါ်စမ်းစမ်းကြည်၊ ကြွရောက်ချီးမြှင့်ပေးကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၏ဇနီးဒေါ်မြင့်မြင့်ကို၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအောင်သိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့်ဇနီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းနှင့်ဇနီး၊ မင်္ဂလာလက်ဖွဲ့ပေးပို့သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး၊ ကြွရောက်ချီးမြှင့်ပေးကြသော အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်လွင်ဦး-မကေသီငြိမ်း။

သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ ဖိတ်ကြားခြင်း

သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် မယင်းကျေးရွာနေ အလှူဒါယကာ ဦးတင်အေး၊ အလှူဒါယိကာမ ဒေါ်ခင်ယုံ၊ အလှူဒါယကာ ဦးသောင်းစိန်၊ အလှူဒါယိကာမ ဒေါ်သန်းသန်းမြင့် (မွန်မြတ်မိသားစု)တို့က သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာကို ဧပြီ ၄ ရက် (တနင်္ဂနွေနေ့)နှင့် ဧပြီ ၅ ရက် (တနင်္လာနေ့)တွင် ဇီးကုန်းမြို့နယ် မယင်းကျေးရွာ ဦးသောင်းစိန်-ဒေါ်သန်းသန်းမြင့်တို့၏ နေအိမ် အလှူတော်မင်္ဂလာမဏ္ဍပ်၌ ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

မွန်မြတ်မိသားစု၊ မယင်းကျေးရွာ၊ ဇီးကုန်းမြို့နယ်။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ဘိုကလေးမြို့နေ
ဦးစိုးမြင့်(ခ)ဦးခေတ်ဆိုင်-ဒေါ်ဖြူဖြူထွန်း (စိန်ရွှေဆင့်) ရတနာရွှေဆိုင်
တို့၏ တစ်ဦးတည်းသောသား၊ မဆွေဇင်ချစ်စု၏အစ်ကို
မောင်ဝင်းလင်းထွန်း (Final Year Physics) နှင့်
ဘိုကလေးမြို့နေ
ဦးထွန်းထွန်းဦး (မြေစာရင်းဦးစီးဌာန)-ဒေါ်အေးအေးမော်
(နေဝန်းနီ စာရေးကိရိယာနှင့်စတိုး)တို့၏ ဒုတိယသမီး၊
မအိစန္ဒာထွန်း၏ ညီမ
မသဉ္ဇာကြည်ထွန်း (Second Year Pharmacy)

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁၇-၂-၂၀၀၄ ရက်တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးဖြစ်၍ ၃၁-၃-၂၀၀၄ ရက်တွင် ဘိုကလေးမြို့ ထင်ကောင်းဘုရားကျောင်း မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်သည့် မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဝိုင်းဝန်းကူညီကြသော မိတ်ဆွေသူငယ်ချင်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝင်းလင်းထွန်း-မသဉ္ဇာကြည်ထွန်း။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများအတွက်
သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ၁-၄-၂၀၀၄တွင် ဖွင့်လှစ်မည့် အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများတွင် တက်ရောက်ရန် ၂၀၀၃ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများနှင့် ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်းစာမေးပွဲဖြေဆိုထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ ပထမ လေးလသင်တန်းအောင်မြင်ပြီး အခြေခံပညာအထက်တန်းအောင်မြင်ပါက ဒုတိယ လေးလသင်တန်းသို့ဆက်လက် တက်ရောက်ခွင့်ပြုမည်။ ဒုတိယလေးလသင်တန်းအောင်မြင်ပြီးဆုံးပါက အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ဖွင့်လှစ်မည့်ပထမနှစ်သင်တန်းများသို့ တိုက်ရိုက် တက်ရောက်ခွင့်ပြုမည်။

၃။ ပထမ လေးလသင်တန်း အောင်မြင်ပြီးလျှင်လည်းကောင်း၊ ဒုတိယ လေးလသင်တန်း အောင်မြင်ပြီးလျှင်လည်းကောင်း ကျွမ်းကျင်မှုလက်မှတ်အသီးသီးကို ချီးမြှင့်ပေးမည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာ ကောလိပ်များတွင် စုံစမ်းနိုင်ပါသည်။



မသက်ဆိုင်ပါကြောင်း

ကျွန်မ မခင်ခင်စိုး ၁၀/မလမ(နိုင်)၀၀၁၀၇၄ ၏ ခင်ပွန်း မော်လမြိုင်မြို့ အောက်လမ်းမကြီး အမှတ် ၄၄၇ နေ ကိုမောင်ခိုင် ၁၀/မလမ(နိုင်)၀၁၈၀၈၃ သည် ဇနီးနှင့် သမီးအပေါ် ဝတ္တရားပျက်ကွက်ခြင်းအတွက် ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ကျွန်မနှင့် မပတ်သက်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မခင်ခင်စိုး
၁၀/မလမ(နိုင်)၀၀၁၀၇၄

တိုက်ခန်းဝယ်မည်

ယုဇနဥယျာဉ်မြို့တော် A,B ဘလောက်တွင် တိုက်ခန်းဝယ်လိုပါသည်။

(ပွဲစားမလိုပါ)

ဆက်သွယ်ရန် ဖုန်း-
၅၁၀၃၉၄
၅၁၃၅၃၆





သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)
B.Tech ဒုတိယနှစ်
သင်တန်းဖွင့်လှစ်ရန်ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာကောလိပ်များတွင် ၂၆-၁-၂၀၀၄ မှ ၆-၂-၂၀၀၄ တွင် ကျင်းပခဲ့သော **B.Tech** ပထမနှစ် သင်တန်းအသီးသီး၏ စာမေးပွဲအောင်စာရင်းကို ၂၉-၃-၂၀၀၄ရက်တွင် ထုတ်ပြန်ကြေညာပြီးဖြစ်၍ **B.Tech** ဒုတိယနှစ်သင်တန်းများကို ၁-၄-၂၀၀၄ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။

မခိုင်မာသန့်ဇင်
(ခေတ္တ–ဩစတြေးလျ)
အသက်(၁၉)နှစ်

ရန်ကုန်မြို့နေ (ဦးချစ်)–ဒေါ်နုတို့၏မြစ်၊ (ဦးခင်မောင်ဝင်း)–ဒေါ်မမစိန်၊ (ဦးခင်စိုး)–ဒေါ်စန်းကြည်တို့၏မြေး၊ ဩစတြေးလျနိုင်ငံ၊ဆစ်ဒနီမြို့နေ ဒေါက်တာသန့်ဇင်–ဒေါ်ခင်မျိုးတင့်တို့၏သမီး၊ မောင်ကျော်ကိုကိုဇင်၏ညီမ မခိုင်မာသန့်ဇင်သည် ၃၀–၃–၂၀၀၄ရက်တွင် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မခိုင်မာသန့်ဇင်
(ခေတ္တ–ဩစတြေးလျ)
အသက်(၁၉)နှစ်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၉၁ နေ (ဦးခင်စိုး)–ဒေါ်စန်းကြည်တို့၏မြေး၊ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့နေ ဒေါက်တာသန့်ဇင်–ဒေါ်ခင်မျိုးတင့်တို့၏သမီး၊ မောင်ကျော်ကိုကိုဇင်၏ညီမ၊ ဦးမြင့်ဆွေ–ဒေါ်နွဲ့နွဲ့ရီ၊ ဦးတင်ထွဋ်၊ ဒေါက်တာခင်နုနု၊ ဦးလှဆန်း–ဒေါ်စမ်းစမ်းအေး၊ ဦးမျိုးနိုင်–ဒေါ်လှလှ၊ ဦးအောင်ဝင်း–ဒေါ်မေသန္တာတင်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးခင်မောင်စိုး–ဒေါ်မီမီကျော်တို့၏တူမ မခိုင်မာသန့်ဇင်(ခေတ္တ–ဩစတြေးလျ)သည် ၃၀–၃–၂၀၀၄ရက်တွင် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့၌ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မခိုင်မာသန့်ဇင်
အသက်(၁၉)နှစ်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၉၁ နေ (ဦးခင်စိုး)–ဒေါ်စန်းကြည်တို့၏မြေး၊ ဩစတြေးလျနိုင်ငံ၊ဆစ်ဒနီမြို့နေ ဒေါက်တာသန့်ဇင်–ဒေါ်ခင်မျိုးတင့်တို့၏သမီး၊ ကျော်ကိုကိုဇင်၏ညီမ၊ ကိုဇော်လင်းထွန်း၊ မမိုးပပလှိုင်၊ (ကျော်ညီညီမျိုး)၊ မခိုင်ခိုင်မြင့်၊ စည်သူဝင်း၊ ဇေယျာထွဋ်၊ ကြည်ဇင်သန့်၊ နန္ဒာဝင်း၊ ဇော်ဖြိုးနိုင်၊ မေသင်းခိုင်၊ သဥ္ဇာဝင်း၊ ဖြိုးပြည့်စိုး၊ ဝိုင်းပြည့်စိုး၊ နွယ်သင်းနိုင်၊ အိမ့်ပြည့်စိုး၊ ချစ်စမ်းမောင်တို့၏ညီမ/အစ်မ၊ ဖွဲ့မဟာထွန်း၏အဒေါ်သည် ၃၀–၃–၂၀၀၄ရက်တွင် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မထွန်းစုမြတ်မွန်သိန်း(ခ)Barbie လေး
အသက်(၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဦးခင်မောင်သိန်း–ဒေါ်စုစုသိန်း၊(ဒုတိယဗိုလ်မှူးကြီးလှမောင်)–ဒေါ်ဥဥခင်တို့၏ချစ်လှစွာသောမြေး၊ ဦးထွန်းထွန်း (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)–ဒေါ်မာလာသိန်းတို့၏ချစ်လှစွာသောသမီး၊ မောင်အောင်ဇင်ဖြိုးသိန်း၏ချစ်လှစွာသော ညီမလေးသည် ၃၀–၃–၂၀၀၄ရက် နံနက် ၃း၃၅နာရီတွင် ကလေးဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁–၄–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မထွန်းစုမြတ်မွန်သိန်း(ခ)Barbie လေး
အသက်(၄)နှစ်

ဦးခင်မောင်သိန်း–ဒေါ်စုစုသိန်း၊ (ဒုတိယဗိုလ်မှူးကြီးလှမောင်)–ဒေါ်ဥဥခင်တို့၏မြေး၊ ဦးထွန်းထွန်း(ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)–ဒေါ်မာလာသိန်းတို့၏သမီး၊ အောင်ဇင်ဖြိုးသိန်း၏ညီမလေး၊ ဒေါ်လှလှဦး(MID INTL Services)၊ Capt ထွဋ်ထွဋ် (MD.MID INTL Services)–ဒေါ်ချိုချိုစန်း (အထက–၃၊ အလုံ)၊ ဒေါ်မြတ်မြတ်ဦး (ရွှေရှမ်းကန်၊ ရွှေအင်းယား)–ဦးကျော်ကျော် (MD.Asia Point Bowling Center)၊ ဗိုလ်မှူးမျိုးသန့် (Ph.D Candidate တပ်မတော်နည်းပညာတက္ကသိုလ်)–ဒေါ်သီတာတိုးတို့၏တူမလေးသည် ၃၀–၃–၂၀၀၄ရက်တွင် ကလေးဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁–၄–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူဦးလေး၊အဒေါ်များ။

မထွန်းစုမြတ်မွန်သိန်း(ခ)Barbie လေး
အသက်(၄)နှစ်

သုဝဏ္ဏ၊ အမှတ် ၂၂၆၊ စရည်းပင်လမ်းနေ ဦးခင်မောင်သိန်း–ဒေါ်စုစုသိန်း၊ (ဒုတိယဗိုလ်မှူးကြီးလှမောင်)–ဒေါ်ဥဥခင်တို့၏မြေး၊ ဦးထွန်းထွန်း(ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)–ဒေါ်မာလာသိန်းတို့၏သမီး၊ အောင်ဇင်ဖြိုးသိန်း၏ညီမလေး၊ ဦးသော်တာသိန်း–ဒေါ်လှမြတ်ခိုင်၊ ဦးဒေဝါသိန်း–ဒေါ်ခင်စန္ဒာဖေ၊ ဗိုလ်မှူးမောင်မောင်သိန်း–ဒေါ်တင့်တင့်အောင်၊ ဒေါ်မွေးသီတာသိန်း၊ ဦးစိုးမင်းအောင်၊ ဒေါက်တာခင်ရတနာသိန်းတို့၏တူမလေး၊ မမြတ်ကြည်လဲ့သိန်း၊ မောင်ကျော်ဇေယျအောင်၊ မယမုံနာအောင်၊ မောင်ဝေလျှံအောင်၊ မောင်ထက်ခိုင်သိန်း၊ မောင်ကျော်ဒေဝါ၊ မဟေမာန်ဒေဝါတို့၏ညီမလေးသည် ၃၀–၃–၂၀၀၄ ရက် နံနက် ၃း၃၅ နာရီတွင် ကလေးဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁–၄–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဇော်မင်း (LL.B)
(အလုံ)
အသက်(၄၇)နှစ်

(ဦးကျင်စို–ဒေါ်ရင်မေ)တို့၏ သားငယ်၊ ဒေါ်ကြည်ကြည်နွယ် (လ/ထ ညွှန်မှူး၊ စီမံကိန်းရေးဆွဲရေး)–ဦးမျိုးရွှေ (ဥပဒေအရာရှိ၊မြန်မာ့မီးရထား)၊ ဦးသိန်းဝင်း(သ/မ ဦးစီး) – ဒေါ်ချောချောခင် (သ/မ ဦးစီး)၊ ဦးသန်းဝင်း(လ/ထ ကထိက၊ မွေးမြူရေးနှင့်ကုသရေး တက္ကသိုလ်)–ဒေါ်အေးအေးမော်(စိုက်ပျိုးရေး သုတေသန)၊ ဦးမြင့်ဟန် (ဌာနခွဲမှူး၊ MEPE)–ဒေါ်တင်တင် (MEPE)တို့၏ညီ/မောင်၊ တူ တူမ ခုနစ်ယောက်တို့၏ဦးလေး၊ တိုက် ၁၈၊ အခန်း ၁၁၊ ဝေဠုဝန်အိမ်ရာနေ ဦးဇော်မင်းသည် ၃၀–၃–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၂၅ နာရီတွင် အနောက်ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁–၄–၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် အနောက်ပိုင်းဆေးရုံကြီး အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အနောက်ပိုင်းဆေးရုံကြီးမှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ကိုကိုမောင်
(စိန်ဂျွန်းကျောင်းသားဟောင်း)
အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၃၊ ၇ လမ်း၊ လမ်းမတော်မြို့နယ်နေ ဦးဝင်းမောင် (MEPE°၊ ဘဏ္ဍာရေးဌာန၊ ရုံးချုပ်၊ ငြိမ်း)–ဒေါ်ခင်လှတို့၏သားကြီး၊ မမိမိဝင်း (ဗိုလ်ချုပ်ဈေး)၊ ကိုကျော်ကျော်မောင်၊ မရီလေး(တောင်ကြီး)တို့၏ အစ်ကိုကြီး၊ မစန်းစန်းလှိုင်၊ ကိုမောင်မောင်ကြည်၊ မသန်းသန်းလှိုင်တို့၏ညီ/မောင်၊ ကိုဌေးအောင်၊ (ကိုတင့်လွင်)၊ ကိုကျော်ကျော်ထွန်း၊ ကိုမင်းမင်းအောင် (ZMA Group)၊ ကိုစည်သူအောင်၊ မစုသဲဖြူ၊ ကိုဖြိုးဝေထွန်း၊ ကိုဝင်းမြင့်ထွန်း၊ မဟေမာလှဝင်းတို့၏အစ်ကိုသည် ၂၉–၃–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂–၄–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း ဒါယကာကြီး
ဦးအောင်ညွန့် (မန္တလေး)
အသက်(၈၆)နှစ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိမ်အမှတ် ၇၅၊ ရုံးကြီးလမ်းနေ ဒေါ်အေးတင်၏ခင်ပွန်း၊ ဦးခင်မောင်(ကုန်သွယ်ရေး၊ ငြိမ်း)–(ဒေါ်ခင်မွန်) ကျောက်ပန်းတောင်းမြို့နေ ဦးမင်းမောင်(ညွှန်မှူး၊ ငြိမ်း၊ စက်မှုလယ်ယာ)–ဒေါ်ခင်နန်းနွယ် (အထက–၂၊ စမ်းချောင်း၊ ငြိမ်း)၊ ဒေါ်ခင်စိန် (အထက–၁၊ ကြည့်မြင်တိုင်၊ ငြိမ်း)တို့၏အစ်ကိုကြီး၊ ဒေါ်ခင်သန်းနွဲ့၊ ဦးခင်မောင်ဖြူ–ဒေါ်ချစ်ချစ်ခိုင်၊ ဦးကိုကိုလွင်–ဒေါ်အေးအေးဝင်း(ဝင်းဝင်း ကမ္ဘာအေးကျောက်မျက်)၊ ဦးကိုကိုခင်မောင်လှ–ဒေါ်ချိုချိုဝင်း(ဝင်းဝင်း ကမ္ဘာအေးကျောက်မျက်)၊ဦးတင်ဝင်း–ဒေါ်သန်းသန်းစိန်(မန္တလေး)၊ ဦးမောင်မောင်ခင်–(ဒေါ်ဘေဘီ)၊ ဦးတင်ငွေ–ဒေါ်ထွေးထွေးဝင်း(Supreme Zone၊ ကမ္ဘာအေးကျောက်မျက်)တို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၃၁–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂–၄–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ဝင်းကြည်
နတ်မောက်ကြည်လေး
B.A, D.T အထပြ(ငြိမ်း)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ငွေဝတ်မှုံရပ်ကွက်၊ ရွှေတောင်ကြား ၁ လမ်း၊ အမှတ် ၉၀(ဂျေ)နေ (ဦးဖိုးစီ–ဒေါ်ငွေမယ်)တို့၏သမီး၊ (ဦးခ–ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ (ဒုတိယဗိုလ်ချုပ်ကြီးမြင့်အောင်၊ ငြိမ်း)၏ဇနီး၊ (ဦးဘကြည်)၊ (ဒေါ်ကြီးလှ)၊ (ဒေါ်ကြီးမြ)တို့၏ညီမ၊ (ဦးစောအောင်)၏အစ်မ၊ ဒေါက်တာအောင်မြတ်စိုး(ကထိက၊ မျက်စိဆေးရုံကြီး၊ရန်ကုန်)–ဒေါ်သဇင်မြင့်အောင်တို့၏မိခင်၊ မကေခိုင်စုသွယ်(I.M.1)၊ မချောစုလတ်(I.M.1)၊ မခိုင်မျိုးမြတ် (U.C.S.Y)တို့၏အဘွားသည် ၃၀–၃–၂၀၀၄ရက် နံနက် ၉း၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁–၄–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၅–၄–၂၀၀၄ရက်(တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါသဖြင့် တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
မထွန်းစုမြတ်မွန်သိန်း(ခ) Barbie လေး
အသက်(၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဦးခင်မောင်သိန်း–ဒေါ်စုစုသိန်း၊ (ဒုတိယဗိုလ်မှူးကြီးလှမောင်)–ဒေါ်ဥဥခင်တို့၏မြေး၊ ဦးထွန်းထွန်း (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)–ဒေါ်မာလာသိန်းတို့၏ သမီးသည် ၃၀–၃–၂၀၀၄ရက် နံနက် ၃း၃၅ နာရီတွင် ကလေးဆေးရုံကြီး၌ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုဇော်ဝါ–ဒေါ်စိုးစိုးထွန်း
ပါပု–ညီပု
Smile မိသားစု
နန်းရှေ့၊ မန္တလေးမြို့။

ဦးမောင်ကျော် (စစ်တွေ)
သ/မ ဌာနစုဦးစီး(ငြိမ်း)
အသက်(၇၁)နှစ်

ကျောက်တော်မြို့ (ဦးမြသာဇံ–ဒေါ်မအောင်သာ)တို့၏သား၊ ဦးမောင်တုတ်–ဒေါ်မအေးမြတို့၏ညီ၊ စစ်တွေမြို့ (ဦးသာဇန်းအောင်–ဒေါ်အုန်းပန်းဖြူ)တို့၏သားသမက်၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်၊ ဦးဥတ္တမလမ်း၊ အမှတ် ၁၈ နှင့် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၃ လမ်း၊ အမှတ် ၇၄(ခ)နေ ဒေါ်မမြသိန်း၏ခင်ပွန်း၊ ဦးအေးသန့်၊ ဦးကျော်သိန်း – ဒေါ်ကြည်ကြည်သိန်း (Kiss စတိုး)၊ ဦးဦးဘစံ–ဒေါ်တိုးတိုးသိန်း(701 ကားပစ္စည်းဆိုင်)၊ ဦးထွန်းကျော်–ဒေါ်သန်းညွန့်အေး၊ (မချိုချိုသိန်း)၊ ဦးကျော်မြင့်–ဒေါ်အေးမြတ်ဝေ (မိုးမခ ရွှေဆိုင်)၊ ကိုကျော်သိန်းဝင်း၊ ကိုကျော်သိန်းဇော်တို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးရှင်သည် ၃၁–၃–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၄–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၄၃ လမ်း နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
သင်းထောက်
ဒူဝါအင်ဒေါင်လဖရီ
(Hpt. Duwa Ndau La Hpri)
ကချင်ပြည်နယ် ဒု–စိုက်ပျိုးရေး မန်နေဂျာ(ငြိမ်း)
အသက်(၇၃)နှစ်

(U Ndau Gam – Daw Hpau Re Ma Lat)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားဂရာကွန်ဒို၊ အခန်း ၆၀၁ နေ ဆရာမ Daw Tereza ၏ခင်ပွန်း၊ Ma Hkawn Tsin၊ Daw Bawk Nan–(U Zau Seng)°၊ ဆရာမ Doi Ra–Rev. Pawm Hkun Naw၊ U Gum Man–Daw Gyung Nyoi၊ Ma Htu Seng Mai၊ Ma Kai Seng Pan၊ Moses တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၉–၃–၂၀၀၄ ရက် ည ၁၀း၁၀ နာရီတွင် အာရုတော်ဝင်ဆေးခန်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂–၄–၂၀၀၄ရက် (သောကြာနေ့)နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[ကားများ ၄၀(B)၊ရွှေပြည်အေးလမ်း၊ကချင်နှစ်ခြင်းဘုရားကျောင်းမှ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်သန်းအေး (ရေနံ့ချောင်း)
(B.A, Dip.ed)
အထက်တန်းပြ(ငြိမ်း)
အသက်(၆၉)နှစ်

ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်နေ (ဦးကြွယ်–ဒေါ်ပြည့်)တို့၏သမီး၊ ရေနံ့ချောင်းမြို့နေ (ဦးကျောက်–ဒေါ်စိန်ပုံ)တို့၏သမီးချွေးမ၊ ရေနံ့ချောင်းမြို့နေ ဦးတင်စိုး၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၇၁ (လေးလွှာ၊ ဝဲ)၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဦးတိုးတိုးမောင် (အကောက်ခွန်မှူး)–ဒေါ်သီတာစိုးတို့၏မိခင်၊ အောင်မြင့်မောင်မောင်၊ ကောင်းဆက်မောင်မောင်တို့၏အဘွားသည် ၃၀–၃–၂၀၀၄ရက် နံနက် ၁၁း၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁–၄–၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးစံလှိုင်
(လက်ထောက်ကထိက၊ငြိမ်း)
စက်မှုသင်တန်းကျောင်း(သန်လျင်)
အသက်(၅၇)နှစ်

ရန်ကင်း၊ တိုက်အမှတ် ၂၉၉၊ အခန်း ၁၅၊ ရန်ကင်း ရဲအရာရှိရိပ်သာနေ (ဦးအောင်ထွန်း – ဒေါ်တင်ဟန်)တို့၏ သား၊(ဦးဖိုးချုပ်–ဒေါ်မြတင်)တို့၏သားသမက်၊ ဒုတိယရဲမှူးဒေါ်ခင်စိန်[မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဦးစီး(၄)မှူးခင်း]၏ခင်ပွန်း၊ (ဦးမောင်ဖိတ်)–ဒေါ်ခင်ညို၊ ဦးခင်မောင် – ဒေါ်ကြည်ကြည်ညွန့် (ရွှေညာမောင်ပို့ဆောင်ရေး)တို့၏အစ်ကိုကြီး၊ကိုမျိုးသူ–မမာလာစိုးသွယ်၊မကျော့သူဇာလှိုင်တို့၏ဖခင်၊ မသွယ်ဝင့်သူ၏အဘိုးသည် ရန်ကုန်ဆေးရုံကြီး အသည်းရောဂါဌာန ၃၀–၃–၂၀၀၄ရက် နံနက် ၁၁း၄၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁–၄–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်စိန်
အထွေထွေမန်နေဂျာ(အငြိမ်းစား)
ယာဉ်နှင့်စက်ကိရိယာပစ္စည်း၊ ကုန်သွယ်ရေး
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ် ၁၊ သာယာအေးရိပ်သာလမ်းနေ (ဦးတင်–ဒေါ်မမကြီး)တို့၏သား၊ (ဦးကိုကို–ဒေါ်ဒေစီ)တို့၏သားသမက်၊ ဒေါ်ခင်ဝင်းမြင့်၏ခင်ပွန်း၊ ဒေါ်တင်တင်ဝင်း (နားမကြားသော ကလေးများကျောင်း)၏အစ်ကို၊ (ဦးထွန်းရှိန်၊ ရဲမှူးကြီး၊ငြိမ်း)၊ ဒေါ်ခင်သန်းနုတို့၏မောင်၊ (ဗိုလ်ကြီးခင်မောင်သန့်)–ဒေါက်တာစန်းစန်းအေး၊ ဦးဝင်းမင်းနိုင်–ဒေါ်အေးအေးမာ(ဝင်း အုတ်၊သဲ၊ကျောက်)၊ ဦးသန့်ဇင်(မြန်မာကိုင်ဒို)–ဒေါ်ဖြူဖြူခင်၊ မသွယ်သွယ်လတ်(အိုလံပစ်ကုမ္ပဏီ)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃၁–၃–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးနှလုံးရောဂါကုသဆောင်၌ ကွယ်လွန်သွားပါ၍ ၂–၄–၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးပြုံး (ကြည့်မြင်တိုင်)
အသက်(၇၂)နှစ်

အမှတ် ၉၃၊ ကုက္ကိုလမ်း၊ သီတာရပ်ကွက်နေ ဒေါ်ညိမ်းရှင်၏ခင်ပွန်း၊ ဗိုလ်မှူးစိုးမင်း(ကျန်းမာရေးပါရဂူ)ကကဆေး–ဒေါ်ခင်မျိုးညွန့်၊ ဦးဇော်နိုင်လင်း၊ ဦးရဲအောင်–ဒေါ်သန်းသန်းဆွေ၊ ဦးမျိုးမင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် တွံတေးမြို့နယ်၊ စမ်းရွာကျေးရွာ၌ ၃၁–၃–၂၀၀၄ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂–၄–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် စမ်းရွာကျေးရွာ၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ခင်ခင်သာ
(မန်နေဂျာ၊ ငြိမ်း၊ MEIS)
အသက်(၇၁)နှစ်

အမှတ် ၁၅၇၊ ဦးချိုလမ်း၊ (၈) ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးလှမင်း (ဒုအင်ဂျင်နီယာချုပ်၊ စစ်ဆေးရေး၊ငြိမ်း၊ မြန်မာ့လေကြောင်း)၏ဇနီး၊ (ဦးသူရမင်း)–ဒေါ်မာနမ်၊ ဒေါ်အေးအေးမင်း–ဦးမောင်မောင်သန့်၊ ဒေါ်စမ်းစမ်းမင်း–ဦးညီညီဝင်းတင်၊ ဦးသီဟမင်း–ဒေါ်ခင်နှင်းဦးတို့၏မိခင်၊ မင်းခွန်မင်း၊ ဘိုမင်းသန့်၊ နေခြည်မင်းတင်၊ မြတ်မင်းသာ၊ ကောင်းမင်းသာ၊ ခန့်မင်းသာတို့၏အဘွားသည် ၃၀–၃–၂၀၀၄ရက် နံနက် ၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁–၄–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ယုဒသန် ဘုရားရှိခိုးကျောင်း(ရန်ကုန်တက္ကသိုလ်)တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသောင်းငွေ (အုန်းတွဲကျေးရွာ)
ဌာနခွဲမှူး(ငြိမ်း)အုတ်ကျင်းဂုန်နီစက်ရုံ
KPY Co., Ltd.
အသက်(၆၃)နှစ်

မကွေးတိုင်း၊ အုန်းတွဲကျေးရွာနေ (ဦးအံ့ – ဒေါ်ခင်တုတ်)တို့၏ သား၊ (ဦးအောင်ဌေး – ဒေါ်ချစ်ကြည်)တို့၏ သားသမက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ် ၆၄၀ နေ ဒေါ်စိန်သန်း၏ခင်ပွန်း၊ ကိုအောင်မိုး–မအေးဝင်းသန်း၊ ကိုမြင့်နိုင်ထွန်း–မစန်းစန်းဝေ၊ မောင်စိုးမင်း(မထသ၊ ဌာနခွဲ–၉)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃၁–၃–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃း၂၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂–၄–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းဌေး (B.A Eco)
မြန်မာ့အာမခံလုပ်ငန်း(ငြိမ်း)
အသက်(၅၃)နှစ်

ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊အမှတ်(၇) ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အိမ်အမှတ် ၄၂(က)နေ ဦးဆွဲ–(ဒေါ်တင်လှ)တို့၏ တူ၊ ဦးစောရှိန်–ဒေါ်အုန်းသင်(ခ)ဒေါ်ဘုတ်ဆုံတို့၏သားငယ်၊ ဗိုလ်မှူးကြီး မြင့်ဦး(ငြိမ်း)၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန]–ဒေါ်ဌေးရီတို့၏ညီ၊ ဗိုလ်ကြီးကျော်စွာထွန်း–မမေမျိုးဇော်၊ မောင်ရဲဝင့်ဇော်၊ မောင်ထွေးမြတ်ဇော်၊ မချိုထွေးဇော်တို့၏ဦးလေးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအသည်းရောဂါဌာနတွင် ၃၁–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂–၄–၂၀၀၄ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်သိန်းနု
အသက်(၇၇)နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နေ (ဦးစိန်ထွန်း–ဒေါ်ငွေစိန်)တို့၏ သမီးထွေး၊(ဦးစောလှဖေ–ဒေါ်စိန်မေ)၊(ဦးစောတင်)–ဒေါ်မမကြီး၊ (ဦးအောင်သိန်း)–ဒေါ်မြရီတို့၏ညီမထွေး၊ (ဦးတင်ရွှေ)၏ဇနီး၊ အင်းစိန်အကျဉ်းဦးစီးဌာန၊ နှင်းဆီလိုင်းနေ ဦးသန်းဌေး(ထောင်မှူး)–ဒေါ်ခင်စောနန်း၊ ဒေါ်မိမိခိုင်တို့၏ မိခင်၊ မရာရာဦး၊ မောင်ထူးရှိန်စိုး၊ မောင်နေလင်းဌေးတို့၏အဘွားသည် အင်းစိန်အကျဉ်းဦးစီးဌာန၊ နှင်းဆီလိုင်းနေအိမ်၌ ၃၁–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂–၄–၂၀၀၄ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြသောင်း
ကုန်သွယ်/လယ်ယာ(ငြိမ်း)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၉ လမ်း၊ အမှတ် ၃၈ နေ (ဦးလှိုင်ထွန်း–ဒေါ်အေးစိန်)တို့၏သမီးကြီး၊ ဦးအုန်း (ရုပ်ရှင်လုပ်ငန်း၊ငြိမ်း)၏ဇနီး၊ ဦးမောင်မောင် (လဝက၊ ငြိမ်း)၊ ဦးမောင်ကို (ဆောက်/လျှပ်၊ ငြိမ်း)တို့၏ အစ်မ၊ ဦးတင်ထွန်း (မြန်မာ့အာမခံ၊ ငြိမ်း)–ဒေါ်မြင့်မြင့်စန်း(မြန်မာ့အာမခံ)၊ဦးကျော်ကျော်နိုင်(3/O၊ Sunrise Marine)–ဒေါ်မြမြသွယ်၊ ယာယီတပ်ရင်းမှူး ဗိုလ်မှူးတင်ဝင်း–ဒေါ်ခင်ခင်စု၊ (ကိုလှထွန်း)၊ ကိုရဲထွန်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၃၀–၃–၂၀၀၄ရက် နံနက် ၃း၀၅ နာရီတွင် ဆာကူရာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁–၄–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းနိုင်(ခ)ဦးသောင်းရွှေ
(ဇာတ်လမ်းရုပ်ရှင်)
မြန်မာရုပ်ရှင်လုပ်ငန်း(ငြိမ်း)
အသက်(၆၆)နှစ်

ပြည်မြို့၊ ပန်းတောင်းမြို့နယ်၊ ဇရပ်လုရွာနေ (ဦးထွန်းဆက်–ဒေါ်တုတ်)တို့၏သားထွေး၊ ရန်ကုန်မြို့၊ အမှတ် ၅၇၁၊ နဝဒေးလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်မာဂရက်၏ခင်ပွန်း၊ တကကဟိန်းဇော်အောင်(ရွှေညောင်)၊ မနံ့သာအောင်(ရှသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ဝန်ကြီးများရုံး)တို့၏ ဖခင်သည် ၂၉–၃–၂၀၀၄ရက်ည ၉း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂–၄–၂၀၀၄ရက် နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးနီပွန် (B.A, B.Ed)
အထက်တန်းပြ(ငြိမ်း)
အထက(၃)သန်လျင်
အသက်(၆၁)နှစ်

သန်လျင်မြို့၊ ထန်းပင်ကုန်းလမ်းမကြီး၊ အိမ်အမှတ် ၁၁ နေ (ဦးပီကေချောက်ဒရီ–ဒေါ်မူသီး)တို့၏သားထွေး၊ (ဦးမွန်တူး–ဒေါ်အန်ဂျလီး)တို့၏ သားသမက်၊ ဒေါ်မြမြဝင်း(ခ)ဒေါ်မာယာ၏ခင်ပွန်း၊ မမာမာဝင်း၊ မောင်ဇော်မင်းထွန်း၊ မသော်တာဝင်း၊ မောင်မင်းမင်းထွန်း၊ မဇာခြည်ဝင်း၊ မအေးအေးဝင်းတို့၏ဖခင်သည် ၂၄–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့ ဗိုလ်ချုပ်ရွာ သုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ်အမကြီး
ဒေါ်သန်း (အင်းလေး)
အသက်(၈၆)နှစ်

ဦးဘိုးကုန်–ဒေါ်မယ်တို့၏သမီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အင်းလေး၊ အင်းပေါ်ခုံကျေးရွာ (ဆရာဝန်ကြီး ဦးတင်)၏ဇနီး၊ (ဦးခင်မောင်တင့်)–ဒေါ်ငြိမ်းရွှေ၊ ဦးစဝ်ကျော်အံ့–ဒေါ်အဲလစ်တင်(မိုးနဲမြို့)၊ ဦးကျော်ကျော်–ဒေါ်နော်ရီလာ(ရွှေကျွန်းမျှော်ဟိုတယ်၊ အင်းလေး)၊ ဦးဇော်ဝင်း–ဒေါ်ပုလဲအေး(လွိုင်ကော်)၊ ဦးစိုးနိုင်–ဒေါ်ခင်နှောင်း(ရန်ကုန်)၊ဒုရဲမှူးသန်းနိုင်–ဒေါက်တာတင်တင်သန်း(မွေး/ကုဦးစီးဌာန၊ မန္တလေး)၊ ဦးညီညီ–ဒေါ်ချိုချိုဝင်း (Nampan Food Service Centre Inle)၊ ဦးမြင့်ထူး–ဒေါ်သန်းသန်းဌေးတို့၏မိခင်၊ မြေး ၂၀ယောက်၊ မြစ် ၁၀ ယောက်တို့၏အဘွားသည် ၃၁–၃–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁–၄–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် အင်းလေး မန်ကျည်းကုန်းကျေးရွာ ဦးကျော်ကျော်–ဒေါ်နော်ရီလာတို့၏ နေအိမ်မှမန်ကျည်းကုန်းသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပေါင်းတည်အသင်း(ရန်ကုန်မြို့)
ဒေါ်သောင်းကြည်
အသက်(၈၆)နှစ်

ပေါင်းတည်မြို့၊ ၁၇လမ်းနေ ရာသက်ပန်အသင်းဝင် ဦးကြည်သိန်း၏မိခင် ရာသက်ပန် အသင်းဝင်အမှတ် (၆၃၁) ဒေါ်သောင်းကြည်သည် ၃၁–၃–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁–၄–၂၀၀၄ရက် ညနေ ၃ နာရီတွင် ပေါင်းတည် တောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သောင်းကြည် (ပေါင်းတည်)
အသက်(၈၆)နှစ်

ပေါင်းတည်မြို့နယ်၊ ဘုရားငါးဆူရွာနေ (ဦးကျင်ရွှေ–ဒေါ်ချိန်)တို့၏သမီး၊ ပုသိမ်မြို့နေ (ဦးကျော်ဖြူ–ဒေါ်လှ)တို့၏ သမီးချွေးမ၊ ပေါင်းတည်မြို့၊ ၁၇ လမ်း၊ အမှတ် ၇၂၈ နေ (ဦးသာချစ်)၏ဇနီး၊ ဦးဝင်းအောင်–ဒေါ်ညိုညို၊ ဦးမောင်မောင်–ဒေါ်ဌေးဌေးခိုင်၊ ဦးကြည်သိန်း–ဒေါ်လှလှဝင်း၊ ဦးဌေးအောင်–ဒေါ်ခင်အေးမြင့်၊ (ဦးသန့်စင်)တို့၏ မိခင်၊ မင်းသီဟ–ယဉ်ယဉ်ကြည်၊ မျိုးသီဟ၊ ခင်ဝင့်သူ၊ မီမိကြည်သိန်း၊ ဒီအောင်၊ သော်ဇင်သစ်၊ ဘိုဘိုအောင်၊ အိအိခင်၊ အောင်ဟိန်း၊ စစ်ပိုင်အောင်၊ သွဲ့အိခင်တို့၏အဘွားသည် ၃၁–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁–၂–၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၃း၃၀ နာရီတွင် ပေါင်းတည် တောင်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်လှလှတင် (ကျောက်ဖြူ)
အသက်(၅၇)နှစ်

ရခိုင်ပြည်နယ်၊ကျောက်ဖြူမြို့၊အစိုးရရပ်ကွက်၊ ချင်းကွက်သစ်နေ (ဦးတလုတ်ဒါး–ဒေါ်မတင်)တို့၏သမီး၊ ဦးထွန်းဝင်း၏ဇနီး၊ စမ်းချောင်းမြို့နယ်နေ (ဦးကိုကိုကြီး)–ဒေါ်ချိုဝင်းမာ၊ ကျောက်ဖြူမြို့နေ ဦးကိုကိုလေး – ဒေါ်မဟန်ကျော့တို့၏ညီမ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ ၉ လမ်း၊ အမှတ် ၇၅၆နေ ဦးထွန်းဝေ–ဒေါ်လှလှနိုင်တို့၏အစ်မ၊ ဦးထွန်းထွန်းစိုး၊ ဦးညီညီစိုး(သစ်တောဦးစီးဌာန၊ သန်လျင်မြို့နယ်)၊ ဦးအောင်ကျော်စိုး၊ ဒေါ်စိုးမိုးဝင်း (ပညာရေးကောလိပ်၊ အမက–၁၊ ကျောက်ဖြူ)၊ ကိုကျော်စိုးဝင်းတို့၏မိခင်၊ ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်း၊ အမှတ် ၄ နေ မဆွေဆွေယု၏အဒေါ်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၈–၃–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်ပါ၍ ၁–၄–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်နု
(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)
အသက်(၄၉)နှစ်

ကျိုက်လတ်မြို့နယ်၊ ကျုံပိုင်းကျေးရွာနေ ဦးကျင်ရွှေ–ဒေါ်မြကြည်တို့၏သမီး၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးရန်အေး–ဒေါ်သိန်းငွေတို့၏သမီးချွေးမ၊(ဗိုလ်ကြီးဝင်းမင်းမင်း)၏မိခင်၊ ဦးတင်ထွန်း၏ဇနီးသည် ၃၀–၃–၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁–၄–၂၀၀၄ ရက် (ကြာသပတေးနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဗီယက်နမ်နိုင်ငံသမ္မတ၏အထူးကိုယ်စားလှယ်အားလက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Nguyen Dy Nien အား ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၃ ☼

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Nguyen Dy Nien အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ တိုးချဲ့ထုတ်လုပ်ရန် လမ်းညွှန်ထား တိုင်းပြည်စီးပွားရေးတိုးတက်လာမှုနှင့်အတူလျှပ်စစ်ဓာတ်အားသုံးစွဲမှုနှစ်စဉ်၁၅ရာခိုင်နှုန်းတိုးတက်လျက်ရှိ မဟာဓာတ်အားလိုင်းစီမံကိန်းနှင့်ဒေသအလိုက်စီမံကိန်းပါ ဦးစားပေးစနစ်ဖြင့်တစ်ပြိုင်တည်းဖော်ဆောင်

ရန်ကုန် မတ် ၃၁

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

၁၃၆၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလတွင် အမျိုးသမီးငယ်လှပျိုဖြူလေးများကလည်း ဤသို့ မြူးမြူးကြွကြွ ယဉ်ယဉ်ကျေးကျေး ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

၁၃၆၅ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော် ရိုးရာယဉ်ကျေးမှုအနှစ်သာရများဖြင့်ဆင်နွှဲမည်

သတင်းဆောင်းပါး-မောင်မောင်ကျော်၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၃၁

လူမျိုးတိုင်းတွင် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများရှိသည်။ ရိုးရာယဉ်ကျေးမှုများ၏ အသွင်သဏ္ဌာန်နှင့်အနှစ်သာရများကိုသုံးသပ်ကြည့်လျှင် ထိုလူမျိုးတို့၏ လူနေမှုအဆင့်အတန်း၊ တွေးခေါ်မြော်မြင်မှုကို သိသာမြင်သာနိုင်ပေသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ကချင်တိုင်းရင်းသူလေးများကလည်း ၁၃၆၄ ခုနှစ် ရေသဘင်ပွဲတော်တွင် ရိုးရာဝတ်စုံများဖြင့် ဤသို့ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- ✻ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ✻ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ယနေ့ထုတ်စောင်ရေ ၂၀၀၁၅၈